# ကြေးမုံ
# The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 11 June 2025 ၁၁၈၄၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းမြို့နှင့်မန္တလေးမြို့တို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

## ထိခိုက်ပျက်စီးခဲ့ရမှုများအား မူလလက်ရာမပျက် စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်တို့လိုက်ပါ၍ ယနေ့တွင် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**


နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၅) ကျင်းပ စာမျက်နှာ » ၅

နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ စာမျက်နှာ » ၆

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်-၃ ဖြင့် လှူဒါန်းသောဆန်များ လွှဲပြောင်းပေးအပ် စာမျက်နှာ » ၁၀

သတိပြုဖွယ်နိုင်ငံသားစိစစ်ရေးကတ်အတုနှင့် အွန်လိုင်းလိမ်လည်မှုအန္တရာယ် ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမုံ

# အခက်ခဲဆုံးအချိန်တွင် ကူညီမှုများ နိုင်ငံတော်နှင့် ပြည်သူ့အတွက်ခွန်အား

မြန်မာမှုနယ်ပယ်တွင် လူတစ်ဦးတစ်ယောက် ဒုက္ခရောက်နေသည့်အချိန်၊ အခက်အခဲဖြစ်နေသည့်အချိန်တွင် ဖေးမကူညီပေးသူကို မိတ်ကောင်းဆွေကောင်း မိတ်ဆွေစစ်ဟုဆိုကြသည်။ သူတစ်ဦး၏ တစ်ကြိမ်တစ်ခါ ပြုဖူးသည့်ကျေးဇူးကို သိတတ်သူသည်လည်း မိတ်ကောင်းဆွေကောင်းပင်ဖြစ်သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်ဆံကြရာတွင်လည်း အလားတူပင်ဖြစ်သည်။ ကူညီဖေးမမှု၊ ကျေးဇူးသိတတ်မှု၊ အသိအမှတ်ပြုမှုတို့သည် မင်္ဂလာတရားတော်နှင့်ညီပေသည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒနှင့်အညီ နိုင်ငံများနှင့်အတူယှဉ်တွဲနေထိုင်လျက်ရှိရာ မြန်မာနိုင်ငံအား အသိအမှတ်ပြုသည့်နိုင်ငံများ၊ ကူညီဖေးမသည့်နိုင်ငံများ၊ အပြုသဘောဆောင်သည့်နိုင်ငံများ၊ မိတ်ကောင်းဆွေကောင်းနိုင်ငံများနှင့် ဆက်ဆံနေထိုင်လျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ကောင်းဆွေကောင်းအဖြစ် ဆက်ဆံနေထိုင်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နှစ်နိုင်ငံသမိုင်းကြောင်းတစ်လျှောက်၌ မိတ်ကောင်းဆွေကောင်းနိုင်ငံအဖြစ် အသိအမှတ်ပြုပြီး ရှည်ကြာစွာ ရပ်တည်ဆက်ဆံနေထိုင်လျက်ရှိသည်။

အနီးစပ်ဆုံးအနေဖြင့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများ အမြောက်အမြားဖြစ်နေချိန်တွင် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူဖြစ်စေရန် တရုတ်ယွမ် (၁ ဒသမ ၁)ဘီလီယံတန်ဖိုးရှိ အရေးပေါ်ပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပေးအပ်ခဲ့သည်။ အခက်ခဲဆုံးအချိန်တွင် ရရှိခဲ့သည့် ပထမဦးဆုံးပြည်ပအကူအညီဖြစ်သည့် တရုတ်နိုင်ငံ၏ အချိန်မီပံ့ပိုးကူညီမှုများသည် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအတွက် ခွန်အားများဖြစ်စေခဲ့သည်။ တရုတ်နိုင်ငံသည် ဒေသတွင်းပြဿနာများ၊ နိုင်ငံတကာမျက်နှာစာများ၌ မြန်မာနိုင်ငံအရေးအတွက် ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်ပေးခဲ့သောနိုင်ငံဖြစ်သည်။

နှစ်နိုင်ငံပြည်သူများအကြား အေးအတူပူအမျှ အသိုက်အဝန်းမှ အတူမျှဝေခံစားသည့် စိတ်ဓာတ်နှင့် ခိုင်မာမြဲမြံသည့် ချစ်ကြည်ရင်းနှီးမှုကို အထူးထင်ဟပ်စေသည်မှာ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က မန္တလေးငလျင်ကြီး လှုပ်ခတ်မှုအပြီး ချက်ချင်းဆိုသလိုပင် ၂၄ နာရီအတွင်း၌ တရုတ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ကူညီပေးခဲ့ခြင်းဖြစ်သည်။ အရေးအကြီးဆုံးအချိန်(Golden Hour) ၌ ရှာဖွေကယ်ဆယ်ပေးခဲ့ကြသည့် တရုတ်နိုင်ငံအစိုးရနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို မြန်မာပြည်သူများနှင့် နိုင်ငံတော်အစိုးရက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ခဲ့ကြပြီး လေးစားဂုဏ်ပြု အသိအမှတ်ပြုလျက်ရှိသည်။

ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁-၂၀၂၂ ခုနှစ် ကာလများအတွင်း၌လည်း ကမ္ဘာတစ်ဝန်းလုံး၌ ဖြစ်ပွားခဲ့သည့် ပြင်းထန်သော ကိုဗစ်-၁၉ ကပ်ရောဂါကို မြန်မာနိုင်ငံအနေဖြင့် ဆိုးဆိုးရွားရွား ခံစားခဲ့ကြရသည်။ အဆိုပါအရေးပေါ်အချိန်၊ အရေးကြီးအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ၊ ရောဂါကုသရေးပစ္စည်းများ၊ အထူးသဖြင့် အောက်ဆီဂျင်နှင့် ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာပစ္စည်းများကို အမြောက်အမြားကူညီပေးခဲ့ခြင်းကြောင့် မြန်မာနိုင်ငံနှင့်ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ကုသရေး၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် များစွာအထောက်အကူပေးခဲ့သဖြင့် မြန်မာနိုင်ငံက ကျေးဇူးတင်အသိအမှတ်ပြုထားသည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာ့အရေးကိစ္စရပ်များတွင် နိုင်ငံတကာမျက်နှာစာ၌ အစဉ်အဆက် ရပ်တည်ပေးလျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင်လည်း မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အားပေးထောက်ခံ ပံ့ပိုးကူညီပေးလျက်ရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် ကျေးဇူးတင်လျက်ရှိသည်။ ထိုသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြန်မာနိုင်ငံအပေါ် မိတ်ကောင်းဆွေကောင်းပီသစွာဖြင့် ကူညီမှုများ၊ ဖေးမမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများသည် တရုတ်-မြန်မာနှစ်နိုင်ငံအကြားတွင်ရှိသော နက်ရှိုင်းသည့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့ကို ပိုမိုခိုင်မြဲစွာဖြင့် ထင်ဟပ်ပေါ်လွင်လျက်ရှိသည်။

ကာလရှည်ကြာဆက်ဆံလျက်ရှိသည့် နှစ်နိုင်ငံသမိုင်းကြောင်းတစ်လျှောက်တွင် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် စဉ်ဆက်မပြတ် အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှုများ၊ စိတ်ကောင်းစေတနာဖြင့် အားပေးထောက်ခံမှုများအတွက် များစွာကျေးဇူးတင်ရှိနေမည်ဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မိတ်ကောင်းဆွေကောင်း အိမ်နီးချင်းနိုင်ငံကောင်းများဖြစ်သည်နှင့်အညီ မွန်မြတ်သည့် ပံ့ပိုးကူညီမှုများ၊ နှစ်နိုင်ငံပြည်သူများအကြား စစ်မှန်သည့် ချစ်ကြည်ရင်းနှီးမှုများနှင့် မြန်မာပြည်သူများနှင့်အတူ ရပ်တည်ပေးမှု၊ နွေးထွေးသည့် အကူအညီပေးမှုများသည် နှစ်နိုင်ငံဆက်ဆံရေး၊ ချစ်ကြည်ရေးသမိုင်းကြောင်းတွင် ကမ္ပည်းမော်ကွန်းတင် အစဉ်ထာဝရ အမှတ်တရ ကျန်ရစ်နေမည်ဖြစ်ပါကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ကျင်းပ

နေပြည်တော် ဇွန် ၁၀

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၆ ဌာနတို့၌ စာရင်းသွင်း ၇၄၂၅ ပါး/ဦး အနက် ၆၀၀၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၈၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ၁၀ - ၆ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၂၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## သထုံမြို့နယ်၌ သမဝါယမအသင်း၏ မိုးစပါးစိုက်ပျိုးနေမှု ကွင်းဆင်းကြည့်ရှု

သထုံ ဇွန် ၁၀

မွန်ပြည်နယ်၊ သထုံမြို့နယ် သရက်တောကျေးရွာရှိ သရက်တောလယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးထွန်းလှ၏ လယ်ဧက ၁၂ ဧကတွင် ရွှေဝါထွန်း အထွက်တိုးမျိုးစပါးအား အစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တောင်ကြီးမြို့နယ်၌ သမဝါယမအသင်းများသို့ ကွင်းဆင်းကြည့်ရှု

တောင်ကြီး ဇွန် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ ချယ်ရီမြေစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ စိုက်ပျိုးထားရှိသည့် နွေစပါးစိုက်ခင်း အခြေအနေများအား ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ်ရှိ မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံပြီး သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြရန် ပြောကြားခဲ့ပြီး မနေ့သုခ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းသမဝါယမအသင်းမှ စိုက်ပျိုးထားရှိသည့် နွေစပါးစိုက်ခင်းအား ကွင်းဆင်းကြည့်ရှု၍ ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး စနစ်တကျ ဆောင်ရွက်ကြရန်နှင့် သွင်းအားစုများရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၁၀

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀- ၆ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၈၀၀ | ၆,၈၀၀ | ၁၈၀ | ၁,၁၉၈,၈၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၀ | ၀ |
| MCB | ၇,၇၀၀ | ၇,၃၀၀ | ၁၃ | ၉၆,၁၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁၀၀ | ၁၈၀,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၁၇ | ၄၉,၃၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၆၅၅ | ၁,၀၆၆,၇၅၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၂၇ | ၁၀၆,၀၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၃၉၀ | ၁,၂၀၉,၀၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ဒေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းကောင်းမှုတော်စေတီတော်မြတ်ကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပြန်လည် ပြုပြင်တည်ဆောက်ရန်လိုအပ်သည့် စာသင်ဆောင်များနှင့် ယာယီစာသင်ဆောင် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

○ ရှေ့ဖုံးမှ

**စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထိုသို့ ကြိုဆို နှုတ်ဆက်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေးအတွက် KG + 9 အထိ အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့် နိုင်ငံ၏ အကျိုးကိုလည်းပိုမိုဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် သင်ကြားရေးလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်နှင့် စာပေ ပညာ၊ လူမှုဆက်ဆံရေး အသိပညာများရရှိစေရေး သင်ကြားပေးသွားရမည် ဖြစ်ကြောင်း၊ “အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက” ဟူသည့် အတိုင်း ကလေးငယ်များအနေဖြင့် ငယ်စဉ် ကလေးဘဝကတည်းကပင် စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာ ပြောဆိုတတ်စေရေး သင်ကြားပေးသွားရမည် ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး အတွက်လည်း စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်းမှာကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြန်လည်ပြုပြင် တည်ဆောက်ရန် လိုအပ်သည့် စာသင်ဆောင်များနှင့် ယာယီစာသင်ဆောင် ဆောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စာသင်ဆောင်များ ပြန်လည်ပြုပြင် တည်ဆောက်ရာတွင် ရေရှည်ခိုင်ခံ့ကောင်းမွန်ရေးအတွက် စနစ်တကျဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားပြီး စာသင်ဆောင်များတွင် ကျောင်းသားကျောင်းသူများ ပညာသင်ယူနေမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးသည်။

**ရာဇမဏိစူဠာ ကောင်းမှုတော် စေတီတော်မြတ်ကြီး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရာဇမဏိစူဠာ ကောင်းမှုတော် စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးဆွမ်းတို့ကို ကပ်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ကောင်းမှုတော်စေတီတော်မြတ်ကြီးအတွင်းပိုင်း၊ အပြင်ပိုင်းနှင့် စောင်းတန်းများ၊ သာသနိကအဆောက်အအုံများ၌ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှု၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး မြောက်ဘက်မျက်နှာစာရှိ မေတ္တာကန်၌ ငါးစာကျွေးခြင်း၊ ငါးလွှတ်ခြင်းတို့ ဆောင်ရွက်၍ ကုသိုလ်ယူကြသည်။

ဆက်လက်၍ စေတီတော်မြတ်ကြီးရှိ အောင်မြေဗောဓိမ္ဗာရုံအတွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် ဂေါပကအဖွဲ့ဝင်များက ရာဇမဏိစူဠာ ကောင်းမှုတော် စေတီတော်မြတ်ကြီးသမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများ၊ မန္တလေးငလျင်မလှုပ်ခတ်မီ မှတ်တမ်းဓာတ်ပုံများနှင့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှု မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့ရမှုများကို မူလလက်ရာအတိုင်း ပြန်လည်ပြင်ဆင် ဆောင်ရွက်သွားရန်၊ မေတ္တာကန်ပတ်လည်၌ အရိပ်ရအပင်များကို အတန်းလိုက်၊ အကန့်လိုက် စိုက်ပျိုးသွားရန်၊ ဘုရားစေတီများရှိ စောင်းတန်းများတွင် ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာ နားနေနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်မြတ်ကြီးအတွက် ဘက်စုံ စုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

**ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် ဘုရား၊ စေတီပုထိုးများ ပြုပြင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဘိလပ်မြေ တန်ချိန် ၁၅၀၀ လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီတဂူဝိပဿနာကျောင်းတိုက်သို့ ရောက်ရှိပြီး နိုင်ငံတော် ဩဝါဒါစရိယ သောဌသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ အား ဖူးမြော်ကြည်ညိုကာ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များကိန်းဝပ်ရာ ဘုရား၊ စေတီပုထိုးများ ပြုပြင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဘိလပ်မြေတန်ချိန် ၁၅၀၀ နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် လှူဒါန်းမှုအစုစုတို့အား ငလျင်သဘာဝဘေးကြောင့် အသက်ခန္ဓာဆုံးရှုံးခဲ့ရသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ပြည်သူအပေါင်းတို့ရရှိစေရန် အမျှပေးဝေကြသည်။

စာမျက်နှာ ၄ သို့ ○

ကြေးမုံ



○ စာမျက်နှာ ၃ မှ

**ဆွမ်းဦးပုညရှင်စေတီတော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဆွမ်းဦးပုညရှင်စေတီတော်သို့ ရောက်ရှိကြပြီး ထိခိုက်ပျက်စီးမှုများအား ရှင်းလင်းဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စူဠာမုနိရုပ်ရှင်တော်မြတ်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုစဉ်။

ယင်းနောက် ဓမ္မာရုံ၌ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးသမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများ၊ မန္တလေးငလျင်မလှုပ်ခတ်မီ မှတ်တမ်းဓာတ်ပုံများနှင့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုမှတ်တမ်းဓာတ်ပုံများ၊ စေတီတော်ကြီးအား ကျွမ်းကျင်ပညာရှင်များက တိုင်းတာစစ်ဆေးခြင်းများပြုလုပ်ခဲ့မှု အခြေအနေများ၊ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သံကူကွန်ကရစ်ထုပ်များဖြင့် အားဖြည့်တည်ထားမည့် နမူနာပုံစံများ၊ စေတီတော်မြတ်ကြီးနှင့်သာသနိကအဆောက်အအုံများ နေရာချထားမည့် နမူနာပုံစံများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီးအား ရှေးမူမပျက် မူလပုံစံအတိုင်း ပြန်လည်ပြင်ဆင် ထိန်းသိမ်းဆောင်ရွက်သွားရန်၊ စေတီတော်မြတ်ကြီး၏ ယခင်မှတ်တမ်းဓာတ်ပုံများကို ပြန်လည်စုဆောင်း၍ သမိုင်းမှတ်တမ်းဓာတ်ပုံများ စနစ်တကျပြုစုထားရှိသွားရန်နှင့် စေတီတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် ခိုင်ခံ့မှုရှိစေရေး စနစ်တကျတွက်ချက်တည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရထံ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဘီလပ်မြေတန်ချိန် ၁၅၀၀ နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**စစ်ကိုင်းတံတား(အင်း၀) ခုံးအမှတ်(၄)နှင့်(၅) ဖယ်ရှားရှင်းလင်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ)သို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက စစ်ကိုင်းတံတား (အင်း၀) ခုံးအမှတ်(၄)နှင့်(၅) အပျက်အစီးများကို ဖယ်ရှားရှင်းလင်း၍ ရေလမ်းကြောင်းဖွင့်လှစ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဧရာဝတီတံတား (ရတနာပုံ)တွင် Lateral Bracing၊ Bearing နှင့် Pier တိုင်များ ပျက်စီးသည့် အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စစ်ကိုင်းတံတား(အင်း၀)နှင့် ဧရာဝတီတံတား(ရတနာပုံ)တို့ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**မဟာမြတ်မုနိဘုရားကြီး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာမြတ်မုနိဘုရားကြီးသို့ ရောက်ရှိကြပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညို၍ ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သော လှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့၌ စေတနာရှင် အများပြည်သူများ လှူဒါန်းထားရှိသည့် ရတနာရွှေငွေ ကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များ၊ ငလျင်လှုပ်ခတ်စဉ် ကွာကျခဲ့ရသည့် ရှေးဟောင်းလက်ရာ နံရံဆေးရေးပန်းချီများ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**လမ်းညွှန်မှာကြား**

ယင်းနောက် မဟာမြတ်မုနိဘုရားကြီးနှင့် သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြတိုက်တော်ကြီးအတွင်း၌ မန္တလေးမြို့တော်ဝန်နှင့် မဟာမြတ်မုနိဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌတို့က ငလျင်ဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့ရမှုများကို မူလလက်ရာမပျက် စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အင်ဂျင်နီယာရှုထောင့်မှကြည့်၍ ပြုပြင်မှုများကို ရေရှည်တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်သွားရန်နှင့် ပြုပြင်မှုများကို စနစ်တကျ မှတ်တမ်းထားရှိရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးနှင့် စူဠာမုနိရုပ်ရှင်တော်မြတ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။ ယင်းနောက် ကျောင်းတော်ကြီးအတွင်းရှိ စူဠာမုနိရုပ်ရှင်တော်မြတ်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စူဠာမုနိရုပ်ရှင်တော်မြတ်အား ပိုမိုကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေးအတွက် ရွှေသင်္ကန်းတော်နှင့် ရွှေပလ္လင်တော် ကပ်လှူပူဇော်ထားရှိမှုကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘက်စုံစုပေါင်း အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

**ထိန်းသိမ်းဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ကျောင်းတော်ကြီးနှင့် ရုပ်ပွားတော်မြတ်များအား ပိုမိုကြည်ညို သပ္ပာယ်ဖွယ်ဖြစ်စေရေး ထိန်းသိမ်း ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ကျင်းပ



နေပြည်တော် ဇွန် ၁၀

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌက ယနေ့အစည်းအဝေးတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခု နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ခြောက်ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇွန် ၁၀ ရက်အထိ ချေးငွေများထုတ်ချေးထားရှိမှုနှင့် ပြန်လည်ပေးဆပ်မှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်များကြောင့် ချေးငွေအရင်း /အတိုးဆိုင်းငံ့ပေးခဲ့မှုများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေထုတ်ချေးပေးနိုင်မှုအခြေအနေ၊ ချေးငွေများအား ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးနိုင်ရေး၊ ချေးငွေစာရင်းဇယားများကို စနစ်တကျပြုစု၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ဆောင်ရွက်ရေးနှင့် မှတ်တမ်းတင်ထားရှိရေး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း နွေစပါးစီမံကိန်း၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်းမိုးစပါးချေးငွေနှင့် မိုးမြေပဲသီးနှံချေးငွေ ထုတ်ချေးရေးစာချုပ်ချုပ်ဆိုဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မွေးမြူရေးချေးငွေများ ထုတ်ချေးနေမှုနှင့် စိုက်ပျိုးရေရရှိရေးစီမံကိန်းဆောင်ရွက်နေမှု၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေထုတ်ချေးနိုင်မှုနှင့် ချေးငွေတိုးမြှင့်ထုတ်ချေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူးက (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများက တင်ပြလာသော ချေးငွေသက်တမ်းတိုးမြှင့်ခွင့်ပြုရန်နှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်မှုများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ပြုရန်ကိစ္စရပ်များကို ကော်မတီအဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးတက်ရောက်



မော်လမြိုင် ဇွန် ၁၀

မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း လယ်ယာမြေပြဿနာများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရရှိဘဲ အခြားနည်းအသုံးပြုမှုများနှင့်ပတ်သက်၍ သတ်မှတ်ထားရှိသော SOPနှင့်အညီ စိစစ်ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်/မြို့နယ်အဖွဲ့များမှစနစ်တကျ ကွင်းဆင်းဆောင်ရွက်ကြစေလိုကြောင်း၊ လယ်ယာမြေကို စိုက်ပျိုးခြင်းမပြုဘဲ အကြောင်းမဲ့လုပ်ထားခြင်းမရှိရေး ကြပ်မတ်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ တင်ပြသည့် အမှုတွဲများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့ဝင်များက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝိုင်းဝန်းဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူးက လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်ထားရှိမှုများနှင့် လမ်းဦးစီးအမည်ပေါက်ရရှိရေး ဆောင်ရွက်ရန်၊ ပုံစံ (၇) ပျောက်ဆုံးသဖြင့် ဒုတိယမူရင်း(သို့မဟုတ်) မိတ္တူမှန် ပြန်လည်ထုတ်ပေးရန်၊ လယ်ယာမြေဥပဒေပုဒ်မ ၃၀(ခ)အရ အခြားနည်းအသုံးပြုရန် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက လယ်ယာမြေစီမံခန့်ခွဲမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပေါင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ပေါင် ဇွန် ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပေါင်မြို့နယ်ရှိ ကတွန်ကျေးရွာတွင် ယနေ့နံနက်ပိုင်းက ပန်းခင်းစီမံချက်အဆင့် (၃) အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်မြင့်နှင့် မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းဇော်တို့၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများက အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ကြား ၂၁ ဦး၊ အသက် ၁၈ နှစ်အထက် ၃၂ ဦး စုစုပေါင်း ၅၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်



ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တွင် ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများပေးအပ်ခြင်းနှင့် Biometric ကောက်ယူခြင်းကို ယနေ့နံနက် ၁၀ နာရီက အမှတ် (၁၆၈)ရပ်ကွက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအေးကျော်က နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ဆက်လက်၍ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးကျော်မိုးကြည်က အမှာစကားပြောကြားသည်။

ထို့နောက် ပန်းခင်းစီမံချက်ဖြင့် အသက် ၁၀ နှစ်ပြည့်ပြီးသော ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၅ ကတ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးကျော်မိုးကြည်နှင့် မြို့နယ်လဝကဦးစီးမှူး ဦးအေးကျော်တို့က ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီး Biometric ကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဖြိုးစန္ဒာ(ပြန်/ဆက်)

# ဒဂုံတက္ကသိုလ်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စားသုံးဆီများရောင်းချပေး



ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်၌ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စားသုံးဆီများကို ယနေ့နံနက်ပိုင်းက ရောင်းချပေးသည်။

ထိုသို့ရောင်းချရာတွင် ဝန်ထမ်းတစ်ဦးလျှင် သုံးပိဿာနှုန်းဖြင့် စုစုပေါင်းဦးရေ ၉၇၀ ရောင်းချပေးခဲ့ပြီး ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများက စားသုံးဆီများကိုဘာသာရပ်/ဌာနအသီးသီးမှ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ လက်ဝယ်အရောက်ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။ ဖွဲ့မင်းထက်(ပြန်/ဆက်)

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၀**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး မြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို အပတ်စဉ် သတင်းထုတ်ပြန်ပေးလျက်ရှိရာ မေ ၂၈ ရက်မှ ဇွန် ၃ ရက်အထိ အခြေအနေကို ဇွန် ၃ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ထပ်မံပေးပို့လှူဒါန်း**

ယခုအခါ ဇွန် ၄ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း အိန္ဒိယနိုင်ငံ ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံ နန်နင်းမြို့နှင့် Singapore Lotus Charity Society တို့မှ ထပ်မံပေးပို့လှူဒါန်းလာသော စားသောက်ကုန်၊ ဆေးနှင့် ဆေးပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန)သို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်စားသောက်ကုန်များကို ဆောလျင်စွာ ဆက်လက်ဖြန့်ခွဲဆောင်ရွက်သွားမည် ဖြစ်သည်။

**စာမျက်နှာ ၇ သို့ ✳**



အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှု မှတ်တမ်းဓာတ်ပုံ။



ဗီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှု မှတ်တမ်းဓာတ်ပုံ။



မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှု မှတ်တမ်းဓာတ်ပုံ။



တရုတ်နိုင်ငံ နန်နင်းမြို့မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှု မှတ်တမ်းဓာတ်ပုံ။




Singapore Lotus Charity Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှု မှတ်တမ်းဓာတ်ပုံ။



နေပြည်တော်ကောင်စီအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။

* စာမျက်နှာ ၆ မှ

လျှပ်ခတ်ခဲ့သည့် မတ် ၂၈ ရက်မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှု စုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၆၄ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၃၂ စီး၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့ မော်တော်ယာဉ် ၁၂ စီး စုစုပေါင်းတန်ချိန် ၂၄၂၇ ခန့်ဖြစ်ပါသည်။

နိုင်ငံတကာအလှူရှင်များက ဇွန် ၄ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း ပေးပို့လှူဒါန်းသည့် ပစ္စည်းများအား ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့နိုင်ရေး ဆောင်ရွက်ထားရှိမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။

ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင် တစ်ကြိမ်ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

## ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၄၅၈၈ | ၂၇၉၈ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၄၈ | ၄၆၀၂ | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | လိပ် | ၇၇၅ | ၁၀ | ၄၁၅ | - | - | ၁၅၀ | ၂၀၀ | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၇၂၃ | ၄ | ၂၅ | ၁၄၈၇ | - | ၅၁၄ | ၆၈၃ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၄၂၈ | - | ၁၅၆ | ၁၂ | | ၉၆၀ | ၁၃၀၀ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၆၅ | ၃၇ | ၁၀၀ | ၂၄ | ၃ | ၁ | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | ၁၈ | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၇၄ | ၁၈၂ | ၂၅၇ | ၁၆ | ၁၉ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်း | မျိုး | ၁၀၀ | ၂၇ | ၄၇ | ၂၀ | ၆ | - | - | |
| | မျိုးစုံ | ဖာ | ၁၉၄၂၃ | ၉၈၆၆ | ၇၅၅၂ | ၁၃၅၅ | ၄၃၄ | ၈၆ | ၁၃၀ | |
| | | အိတ် | ၃၃၅ | ၁၃၁ | ၁၇၈ | ၁၂ | ၁၄ | - | - | |
| | | ကဒ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| | | ထုပ် | ၉၂ | ၄၂ | ၄၁ | ၄ | ၅ | | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၈၉ | ၂၅ | ၃၇ | ၈ | ၁၀ | ၉ | - | |
| | | ဖာ | ၄၅၈၃ | ၁၀၉၄ | ၂၃၇၁ | ၉၆၅ | ၁၂၀ | ၃၃ | - | |
| | | ထုပ် | ၁၈၁၃ | ၇၀၂ | ၉၆၉ | ၇၅ | ၆၇ | - | - | |
| | | ခု | ၁၆၆၄ | ၇၄၅ | ၇၇၃ | ၆၇ | ၇၉ | - | - | |
| | | ထည် | ၇၃ | ၃၃ | ၃၀ | ၅ | ၅ | | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၇ | ၄ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၁၂၀ | ၄၈ | ၄၉ | ၁၁ | ၁၀ | ၂ | - | |
| | | စုံ | ၂၁၀၈ | ၂၀၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | ၂၃ | ၁၀ | ၉ | ၂ | ၂ | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၇ | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | ၃၄၁ | ၁၃၃ | ၁၇၉ | ၁၆ | ၁၃ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | မျိုး | ၆၆၆ | ၁ | ၈ | - | ၂ | ၆၅၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၉၆၆ | ၂၆ | - | - | - | ၁၉၄၀ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |



ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။

## အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၄၈ | - | - | - | - | ၄၈ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

## ဗီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၇၈ | - | - | - | - | ၇၈ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

## မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၁၃ | - | - | - | - | ၁၃ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်း | ဖာ | ၁၀၀ | - | - | - | - | - | ၁၀၀ | ဆက်လက်ဖြန့်ခွဲပါမည်။ |

## Singapore Lotus Charity Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၄-၆-၂၀၂၅ ရက်နေ့မှ ၁၀-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်း | ဖာ | ၃၀ | - | - | - | - | - | ၃၀ | ဆက်လက်ဖြန့်ခွဲပါမည်။ |



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။

# မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးစားဆောင်ရွက်သွားကြရမည်

နေပြည်တော် ဇွန် ၁၀

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇ်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူမှုရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ မြင်းမူမောင်နိုင်မိုးနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် လူငယ်နှင့် စာပေကဏ္ဍကို အထူးအလေးအနက်ထားပြီး လူငယ်များ စာဖတ်ခြင်း အလေ့အကျင့်ဖြစ်စေရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် မှာကြားထားပါကြောင်း၊ ကလေးများ စိတ်ဝင်တစားပျော်ရွှင်စွာဖြင့် စာဖတ်ချင်စိတ်ဖြစ်ပေါ်စေရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊ Community Center များတွင် ရပ်မိရပ်ဖများနှင့်အတူ ကလေးများကို စာဖတ်ဝိုင်း သို့မဟုတ် စာပေနှင့် ပတ်သက်သည့် စကားဝိုင်းများ ဆောင်ရွက်သင့်ပါကြောင်း၊ မန္တလေးလျှင်ကြီးအလွန်တွင် လူငယ်များပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာစာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် Grade 12 ပြန်လည်ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည့် အထောက်အပံ့များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့သည် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍတွင် အလေးအနက်ထားသည်ကို သိရှိနိုင်ပါကြောင်း၊ စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ကိုယ်စား) အမြဲတမ်းအတွင်းဝန်က ၂၀၂၄ ခုနှစ်အတွင်း စာကြည့်တိုက်များ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ကော်မတီဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ အဖွဲ့ဝင်များက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးတို့အတွက် ပွဲတော်များ ဆောင်ရွက်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးဦးရဲတင့် မန္တလေးမြို့ နန်းမြို့ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဇွန် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးမြို့ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် အဆောက်အအုံထိခိုက်မှုများအား ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။





ထို့နောက် မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးနှင့် စာကြည့်တိုက်သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် အုတ်နံရံပြိုကျပျက်စီးမှုနှင့် အဆောက်အအုံထိခိုက်မှုအား ကြည့်ရှုစစ်ဆေးကာ ခွင့်ပြုငွေ ချထားပေးပြီးဖြစ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူ အမြန်ပြုပြင်ရန် မှာကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မန္တလေးမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက်မှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများနှင့် ဝန်ထမ်းရေးရာများ မှာကြားကာ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်သည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ နန်းမြို့ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားတွေ့ဆုံ၍ ပညာကြိုးစားသင်ယူရေး၊ စာတတ်မြောက်ရုံသာမက ဘက်စုံထူးချွန်သူများ၊ ဗလငါးတန် ပြည့်ဝသူများ၊ နိုင်ငံတော်က အားထားရသည့် လူငယ်များ၊ အနာဂတ် ခေါင်းဆောင်ကောင်းများဖြစ်အောင်ပြုစုပျိုးထောင်ရေး၊ အသိပညာ တိုးတက်ပြည့်ဝရေးအတွက် စာပေလေ့လာဖတ်ရှုရေး၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့်အတိုင်း စည်းကမ်းကောင်းပြီး ဥပဒေကိုလေးစားလိုက်နာတတ်သည့် နိုင်ငံ့သားကောင်းများ ဖြစ်အောင် ကြိုးစားကြရေး၊ မူးယစ်ဆေးဝါး၊ ဆေးလိပ်၊ ကွမ်းယာ၊ အရက်စသည်တို့ကို ငယ်စဉ်ကတည်းက ရှောင်ရှားပြီး ကျန်းမာကြံ့ခိုင်အောင် ကြိုးစားရေး၊ မိဘဆရာများ၏ကျေးဇူးကို သိရှိနားလည်ပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိတတ်သည့် ယဉ်ကျေးလိမ္မာလူတော် လူကောင်းများဖြစ်စေရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင် စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံအားပေးသည်။ ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ပေးအပ်သော အားကစားပစ္စည်းများအား ပေးအပ်လှူဒါန်းပြီး ကျောင်းစာကြည့်တိုက်နှင့် စာသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် မြို့နယ်ရုံးနှင့် စာပေဗိမာန် စာကြည့်တိုက် စာအုပ်အရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်မှုများပြုပြင်ရေးနှင့် အန္တရာယ်မဖြစ်စေရေး ဂရုစိုက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ်ရှိမန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအား ကြည့်ရှုစစ်ဆေးကာ အမြန်ပြန်လည်ပြုပြင်နိုင်ရေးနှင့် မပြုပြင်မီကာလ အန္တရာယ်မဖြစ်အောင် လုပ်ဆောင်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးပြည်သူ့ဆေးရုံကြီး၌ ပြည်သူ့ဆေးရုံများ၏ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ




နေပြည်တော် ဇွန် ၁၀

ပြည်သူ့ဆေးရုံများ၏ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို ဇွန် ၉ ရက်မှ ၁၀ ရက်အထိ မန္တလေးပြည်သူ့ဆေးရုံကြီးရှိ မန်းတောင်ရိပ်ကိုးထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံလွင်ထွန်း၊ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး၊ ဆေးရုံအုပ်များ၊ မန္တလေးမြို့ရှိ ဗဟိုအဆင့်ဆေးရုံကြီးများမှ သူနာပြုအုပ်ကြီးများ၊ သူနာပြုအုပ်များ၊ အထက်တန်းသူနာပြုများ၊ သူနာပြုများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံလွင်ထွန်းက အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး(သူနာပြု) ဒေါ်အက်စ်ဘန်တောင်က ကုသရေးဦးစီးဌာန၏ ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ညွှန်ကြားရေးမှူး(သူနာပြု)တို့က ပြည်သူ့ဆက်ဆံရေး (Public Relation–PR)၊ ပြည်သူ့ဆေးရုံများတွင် ပြည်သူများနှင့်ဆက်သွယ်ဆောင်ရွက်ရာ၌ ဆက်ဆံရေးပိုမိုကောင်းမွန်စေရန် လူနာများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုကို အချင်းချင်းအချိတ်အဆက် ကောင်းမွန်းစွာဖြင့် တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါစသည့် လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

### ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှုလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ်၊ ဇွန်လ)




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် -

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အားကစားအဖွဲ့များ စခန်းသွင်းလေ့ကျင့်နေမှု ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်းအတွင်းရှိ Synthetic ပြေးလမ်းပါ ဘောလုံးလေ့ကျင့်ရေးကွင်း(၁)၌ ပဏာမလက်ရွေးစင် ပြေးခုန်ပစ်တာလတ်အားကစားလေ့ကျင့်နေမှု၊ အမြင့်ခုန်အားကစားလေ့ကျင့်နေမှုနှင့် ကြိုးတပ်သံလုံးပစ်လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားကာ လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝူရှူးအားကစားလေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင် ဝူရှူးအားကစားသမားများ လေ့ကျင့်နေမှုနှင့် ခြင်းလုံးအားကစားရုံ၌ ပဏာမလက်ရွေးစင်ခြင်းလုံးအားကစားသမားများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လှုပ်ရှားကစားရာ၌ နည်းစနစ်မှန်ကန်ပြီး လျင်မြန်ဖျတ်လတ်မှုရှိရန်၊ ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လေ့ကျင့်ကစားကြရန် မှာကြားသည်။

ထို့နောက် ပန်ကြပ်ဆီလပ်လေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင် ပန်ကြပ်ဆီလပ်အားကစားသမားများ စခန်းဝင်လေ့ကျင့်နေမှု၊ ကရာတေးလေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင် ကရာတေးအားကစားသမားများ စခန်းဝင်လေ့ကျင့်နေမှုနှင့် ဗဟန်းမြို့နယ်ရှိ ကျိုက္ကဆံဘတ်စကက်ဘောအားကစားရုံ၌ ပဏာမလက်ရွေးစင်ဘတ်စကက်ဘောအားကစားသမားများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များနှင့် အောင်မြင်မှုဆုတံဆိပ်များရရှိရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်-၃ ဖြင့် လှူဒါန်းသောဆန်များ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၁၀

နေပြည်တော်ကောင်စီနယ်မြေရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်-၃ ဖြင့် ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က လှူဒါန်းသော ဆန်တန်ချိန် ၁၆၁၀ ကို စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် နေပြည်တော်ကောင်စီသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ APTERR အတွင်းရေးမှူးချုပ်၊ ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ငလျင်ဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားကာ ဒုတိယဝန်ကြီးက APTERR အစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး APTERR အတွင်းရေးမှူးချုပ် Dr. Choomjet Karnjanakesorn၊ ကိုရီးယားနိုင်ငံ သံရုံးကိုယ်စားလှယ်နှင့် တရုတ်နိုင်ငံသံရုံးအတိုင်ပင်ခံ Mr. Ouyangdaobing တို့က လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက လှူဒါန်းသည့်ဆန်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ပြီး APTERR အတွင်းရေးမှူးချုပ်၊ ကိုရီးယားနိုင်ငံ သံရုံးကိုယ်စားလှယ်နှင့် တရုတ်နိုင်ငံသံရုံးအတိုင်ပင်ခံတို့က ငလျင်ဘေးသင့်ပြည်သူများထံ ဆန်အိတ်များ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ပြီး ငလျင်ဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

နေပြည်တော် ဇွန် ၁၀



အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ကြိုတင်ရှောင်ကြဉ်နိုင်

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ယခုကဲ့သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပနိုင်ခြင်းဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသည့် ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်စေနိုင်သော အကြောင်းအရာများကို ကြိုတင်ရှောင်ကြဉ်နိုင်မည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အသိအမြင်၊ ဗဟုသုတများကို မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းများသို့ ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုသည် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးကို ထိခိုက်စေပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ကြီးမားသည့် အဟန့်အတားတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းက တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဟသ်ာတမြို့နယ်၌ ဆန်၊ ကြက်ဥနှင့် စားအုန်းဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

ဟသ်ာတ ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကော်မတီက ယနေ့နံနက် ၇ နာရီတွင် ဟသ်ာတမြို့ ဗန်ဒါပင်ဈေး၌ ဆန်၊ ကြက်ဥနှင့် စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာတွင် ဆင်းသုခဆန်တစ်ပြည် ငွေကျပ် ၂၀၀၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၃၃၀၊ ဆီ ငါးဆယ်ကျပ်သား ငွေကျပ် ၃၅၀၀ နှုန်းတို့ဖြင့် ဆင်းသုခဆန် ၁၀ အိတ်၊ ဆီပိဿာ ၁၁၀၊ ကြက်ဥအလုံး ၁၀၀၀ ကို ရောင်းချပေးခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ စားသုံးသူများ ဈေးနှုန်းသက်သာစွာနှင့် အဆင်ပြေဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုဇော်(ပြန်/ဆက်)



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇွန် ၁၀

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ခရိုင်စုပေါင်းရုံးဝင်းအတွင်း Modular Container House များ ဆောက်လုပ်ပြီးစီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေး၍ အသစ်ထပ်မံတည်ဆောက်မည့် မြေနေရာများကို ရွေးချယ်သတ်မှတ်ပေးပြီး တာဝန်ရှိသူများက လိုအပ်သည်များမှာကြားသည်။

ချီးမြှင့်ပေးအပ်

ထို့နောက် ကျောက်ဆည်မြို့ ဘောဂဝတီရပ်ကွက် မင်းရဲဆည်အတွင်း၌ ခရိုင်မီးသတ်ဦးစီးဌာနက ကျင်းပသည့် ရေပြင်အသက်ကယ်သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားသို့ တက်ရောက်၍



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် စဉ့်ကိုင်မြို့နယ်၌ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အသက်ကယ်လှေများဖြင့် သရုပ်ပြခြင်းနှင့် လက်တွေ့ ရေပြင်ကယ်ဆယ်ခြင်း သရုပ်ပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာရှိ TOP Myanmar ပီနံအိတ်စက်ရုံနှင့် KIYO–Myanmar Healthy Fruit & Veggie Chips စက်ရုံတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု၊ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုများ၊ ဘဲလင်းကျေးရွာရှိ မြင့်မိုရ်တောင်ဘုရားနှင့် နှစ်ဆူတောင်ဘုန်းကြီးကျောင်းတို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများနှင့် ဥယျာဉ်ငယ်ကျေးရွာ၊ ဥယျာဉ်လေးပရဟိတဘုန်းကြီးကျောင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်ပြုပြင်ရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဥယျာဉ်လေးပရဟိတဘုန်းကြီးကျောင်း ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ငလျင်တုံ့ပြန်ဆောင်ရွက်မှု ကွင်းဆင်းတွေ့ရှိချက်များကို ကိုရီးယားနိုင်ငံ ကြက်ခြေနီအသင်းကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်း

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိသော ငလျင်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို သွားရောက်ကွင်းဆင်းလေ့လာခဲ့သည့် ကိုရီးယားနိုင်ငံကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်သုံးဦးက ယင်းတို့လေ့လာတွေ့ရှိချက်များ ပြန်လည်ရှင်းလင်းသည့် Debriefing Session ကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Best Western Green Hill Hotel ၌ ပြုလုပ်သည်။

တက်ရောက်

အဆိုပါ Debriefing Session သို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့် အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူးများ၊ လက်ထောက်အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms.Nadia Khoury၊ ကိုရီးယားနိုင်ငံ ကြက်ခြေနီအသင်းမှ Mr. KIM Jae Ryu, Head of International Cooperation Team နှင့် Mr. KOO Young Pyo, Deputy Head, International Cooperation Team တို့ တက်ရောက်ကြသည်။

အဆိုပါ Debriefing Session တွင် ကိုရီးယားနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်မည့် ငလျင်ပြန်လည်ထူထောင်ရေးအပိုင်းများတွင် နည်းပညာပိုင်းနှင့်တကွ ပူးပေါင်းပါဝင်မည့် အစီအစဉ်များကိုပါ ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။



သတင်းစဉ်

☆ နော်ဝေအသင်းမှ

အက်စ်တိုးနီးယားအသင်းနဲ့ နော်ဝေအသင်းတို့ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် နော်ဝေအသင်းက တိုက်စစ်မှူးဟာလန်းရဲ့ ဒုတိယပိုင်းပွဲကစားချိန် ၆၂ မိနစ်မှာ သွင်းယူခဲ့တဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဟာလန်းဟာ အခုပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ကမ္ဘာ့ဖလားဝင်ခွင့် ဥရောပဇုန်ခြေစစ်ပွဲလေးပွဲစလုံး ဂိုးသွင်းယူနိုင်တဲ့ မှတ်တမ်းကောင်းရရှိခဲ့တဲ့အပြင် ခရိုအေးရှားကစားသမား ကရာမာရစ်နဲ့အတူ သွင်းဂိုးလေးဂိုးနဲ့ ခြေစစ်ပွဲအဆင့် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။

နော်ဝေအသင်းဟာ အက်စ်တိုးနီးယားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အုပ်စု(I)မှာ လေးပွဲကစား လေးပွဲစလုံးအနိုင်ရရှိကာ ရမှတ် ၁၂ မှတ်ရရှိထားပြီး ရာနှုန်းပြည့်နိုင်ပွဲရရှိထားတဲ့ အသင်းလည်းဖြစ်ပါတယ်။

အနိုင်ရရှိ

ဇွန် ၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ၂၀၂၆ ကမ္ဘာ့ဖလားဝင်ခွင့် ဥရောပဇုန်ခြေစစ်ပွဲစဉ်တွေမှာတော့ အီတလီအသင်းက မော်ဒိုဗာအသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ မက်ဆီဒိုးနီးယားအသင်းက ကာဇက်စတန်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ဘယ်လ်ဂျီယံအသင်းက ဝေးလ်အသင်းကို လေးဂိုး–သုံးဂိုး၊ ခရိုအေးရှားအသင်းက ချက်အသင်းကို ငါးဂိုး–တစ်ဂိုး၊ ဖာရိုးကျွန်းစုအသင်းက ဂျီဘရော်တာအသင်းကို နှစ်ဂိုး–တစ်ဂိုး စသည်ဖြင့် အသီးသီးအနိုင်ရရှိခဲ့ပါတယ်။

အမေရိကန်၊ ကနေဒါနဲ့ မက္ကဆီကိုနိုင်ငံတို့ ပူးတွဲအိမ်ရှင်အဖြစ်လက်ခံကျင်းပမယ့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဥရောပဇုန်ခြေစစ်ပွဲယှဉ်ပြိုင်နေတဲ့ အုပ်စု ၁၂ အုပ်စုရှိရာမှာ အုပ်စုပထမရရှိတဲ့အသင်း ၁၂ သင်းဟာ ကမ္ဘာ့ဖလားတိုက်ရိုက်ဝင်ခွင့်ရရှိမှာဖြစ်ပြီး အုပ်စုဒုတိယနေရာက အသင်းတွေကတော့ play–off ယှဉ်ပြိုင်ကစားရမှာဖြစ်ကာ အနိုင်ရတဲ့အသင်းက ကမ္ဘာ့ဖလားဝင်ခွင့်ရရှိမှာဖြစ်ပါတယ်။

ငွေကြယ်

# အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာ



အသိပညာပေးကြော်ငြာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြော်ငြာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သီသီခိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးဝင်းထွန်းတို့ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်တွင်းအခွန်ဦးစီးဌာနတို့ ပူးပေါင်းပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းရှိ ဆိုင်များတွင် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင်အခွန်ဆောင်ပါ” ဟူသော ကြော်ငြာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ

# ကန်ကြီးထောင့်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

ကန်ကြီးထောင့် ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၉ ရက်တွင် စတင်ထုတ်ချေးခဲ့သည်။

ထိုသို့စတင်ထုတ်ချေးခဲ့ရာ ကန်ကြီးထောင့်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဇွန် ၉ ရက်အထိ ကျေးရွာအုပ်စု ၁၅ အုပ်စု၊ တောင်သူ ၁၁၅၈ ဦး၊ ဧက ၈၄၁၁ ဧက၊ ငွေကျပ် ၁၂၆၁၆ ဒသမ ၅၀ သိန်းအား ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။



ကျော်ဇင်စိုး(ပြန်/ဆက်)

# ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ်မဟာသမယအခါတော်နေ့ အခမ်းအနားနှင့် သံဃဒါနဆွမ်းသပိတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇွန် ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခေမာသီဝံကျောင်းတိုက်ရှိ အနန္တသုခရွှေတိဂုံဓာတုစေတီတော်ကြီး၌ ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ်မဟာသမယအခါတော်နေ့ အခမ်းအနားနှင့် သံဃဒါနဆွမ်းသပိတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ ခေမာသီဝံကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တကုလနန္ဒဘာသအမှူးပြုသော သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ခေမာသီဝံကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် မဟာသမယအခါတော်နေ့ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး သံဃာတော်များက မဟာသမယသုတ်ပါဠိတော်များ ရွတ်ဖတ်ပွားများ ချီးမြှင့်တော်မူကြသည်။

**ရေစက်သွန်းချ**

ယင်းနောက် ဝတ်ရွတ်အဖွဲ့က မဟာသမယသုတ် အမွှမ်းရစ်လုံးဖွဲ့ကဗျာများကို ရွတ်ဖတ်ပူဇော်ကြပြီး သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် တက်ရောက်လာကြသူများက ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းသပိတ် ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရေကြည်မြို့နယ်၌ မဟာသမယနေ့နှင့် စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရေကြည် ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ (၄၆)ကြိမ်မြောက် မဟာသမယနေ့နှင့် (၆၄)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်တော်အေးမင်္ဂလာဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် အသုတ်မြို့ အမှတ်(၄)ရပ်ကွက် မြို့ရိုးပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပညာဇောတအရှင်မြတ်အား နိုင်ငံတော်အစိုးရက သာသနာတော်ဆိုင်ရာ ဆက်ကပ်လှူဒါန်းသော "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲ၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲတို့တွင် ဖြေဆိုအောင်မြင်တော်မူကြသည့် ရေကြည်မြို့နယ်ရှိ စာအောင်သံဃာတော်၊ သီလရှင်၊ လူပုဂ္ဂိုလ်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အလှူရှင်များက စာအောင်လက်မှတ်၊ စာအောင်ဆုများနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေးမြို့နယ်၌ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်သော စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



**ရေး ဇွန် ၁၀**

နိုင်ငံတော်မှ ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် ၂၀၂၄ ခုနှစ် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်သော စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် ရေးမြို့နယ် ပုပ္ဖဝတီကျေးရွာ ကျိုက်ဒေတမော့ဗရတ်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်ဒေတမော့ဗရတ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပုပ္ဖရမ္မထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရေးမြို့နယ် မရမ်းကျောင်းတိုက်မှ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တဒေါက်တာ အရှင်ပညာဇောတက ဩဝါဒကထာ ချီးမြှင့်ပေးသည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မျိုးထိုက်က သာသနာရေး ဆိုင်ရာများ လျှောက်ထားပြီး ပြည်ပနိုင်ငံမှ ဒေါက်တာဘွဲ့ရရှိသော ရေး မြို့နယ် မရမ်းကျောင်းတိုက်မှ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ အရှင်ပညာဇောတနှင့် ၂၀၂၅ ခုနှစ် မွန်ပြည်နယ် အစိုးရအဖွဲ့မှ ဆက်ကပ်လှူဒါန်းသော ဘာသာ သာသနာ ထူးချွန်မှုဂုဏ်ထူးဆောင်ဆု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးငါးပါးတို့အား တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်များနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ၂၀၂၄ ခုနှစ် သာသနာ့ဓဇ ဓမ္မာစရိယဘွဲ့ရ ဆရာတော်လေးပါး၊ ဓမ္မာစရိယ နှစ်ကျမ်းအောင် ငါးပါး၊ ဓမ္မာစရိယ တစ်ကျမ်းအောင် လေးပါး၊ ပထမကြီးတန်းအောင် ၂၅ ပါး၊ ပထမလတ်တန်းအောင် ၃၄ ပါး၊ ပထမငယ်တန်းအောင် ၈၈ ပါး၊ အခြေပြုမူလတန်းအောင် ၁၅၉ ပါးတို့အား (ခေတ္တ) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်ထွန်းနှင့် တာဝန်ရှိသူများက အောင်လက်မှတ်၊ အောင်ဆုနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

# ပေါင်မြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

**ပေါင် ဇွန် ၁၀**

မွန်ပြည်နယ် ပေါင်မြို့နယ် မီးသတ်တပ်ဖွဲ့မှ ဦးဆောင်၍ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက မုန်တိုင်းဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမြတ်ကိုကိုက မုန်တိုင်းဘေးအန္တရာယ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးပရဟိတအဖွဲ့ဝင်များက မုန်တိုင်းဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ရှာဖွေကယ်ဆယ်ခြင်း၊ ထိခိုက်သူများအားရှေးဦးပြုစုပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မိမိတို့၏ ဘေးကင်းလုံခြုံရေးသတိပြုခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ အသုံးပြုခြင်း စသည်တို့ကို သရုပ်ပြသဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**



# ညောင်ဦးမြို့နယ်၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

**ညောင်ဦး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်တွင် မင်းနန်သူကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဝင်ဖွဲ့စည်းဆောင်ရွက်ခြင်းကို ဇွန် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ လေးမျက်နှာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

**ရွေးချယ်ဖွဲ့စည်း**

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပုဂံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ခိုင်ညွန့်၊ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာထွန်း၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကလျာစိုးတို့နှင့်အတူ ကျေးရွာသူ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာစီမံကိန်းကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကမ္ဘောဒီးယားနိုင်ငံ၏ ယခုနှစ်ပထမငါးလအတွင်း ပြည်ပပို့ကုန်တန်ဖိုး ၁၇ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့

ဖနောင်ပင် ဇွန် ၁၀

ကမ္ဘောဒီးယားနိုင်ငံ၏ ယခုနှစ်ပထမငါးလအတွင်း ကန်ဒေါ်လာ ၁၁ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိ ပို့ကုန်များကို ပြည်ပသို့တင်ပို့ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁၇ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ဇွန် ၁၀ ရက်တွင် ထုတ်ပြန်သည့် မှတ်တမ်းများအရ သိရသည်။

ပြောကြား

အထည်အလိပ်၊ ဖိနပ်၊ ခရီးသွားထုတ်ကုန်၊ စက်ဘီး၊ ကားတာယာ၊ ဆိုလာပြားနှင့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်သည့် ဆန်စပါး၊ ရော်ဘာ၊ သီဟိုဠ်စေ့၊ ငှက်ပျော၊ သရက်သီးနှင့် ကွမ်းသီးတို့ကို ပြည်ပသို့တင်ပို့ကြောင်း အကောက်ခွန်ဌာနက ပြောကြားသည်။

ပြည်ပပို့ကုန်တင်ပို့သည့်နိုင်ငံများမှာ အမေရိကန်၊ ဗီယက်နမ်၊ ဂျပန်၊ တရုတ်နှင့် ကနေဒါတို့ဖြစ်ကြောင်း သိရသည်။

၎င်းပထမငါးလအတွင်း သွင်းကုန်တန်ဖိုးသည် ကန်ဒေါ်လာ ၁၃ ဒသမ ၄၈ ဘီလီယံရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၉ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသို့ တင်သွင်းသည့်ပစ္စည်းများတွင် လောင်စာဆီ၊ အထည်ချုပ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ ဖိနပ်နှင့် ခရီးသွားထုတ်ကုန်၊ ယာဉ်များ၊ စက်ကိရိယာများ၊ လျှပ်စစ်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများပါဝင်ကြောင်း သိရသည်။

ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက်နှင့် ကမ္ဘောဒီးယား-တရုတ် လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များသည် နိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍကို မြှင့်တင်ပေးခဲ့ကြောင်း ကမ္ဘောဒီးယား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်ကပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ





## ဂျပန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း၍ မြေပြိုမှုဆိုင်ရာ သတိပေးချက်ထုတ်ပြန်

တိုကျို ဇွန် ၁၀

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းတွင် ဇွန် ၁၀ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း သိရသည်။

ဇွန် ၁၀ ရက် နံနက် ၁၁ နာရီတွင် ကူမာမိုတိုစီရင်စုရှိ အေမာကူဆာမြို့တွင် မိုးရေချိန် ၃၈ မီလီမီတာရွာသွန်းခဲ့ပြီး အိုအီတာစီရင်စုရှိ ကူဆုမြို့တွင် မိုးရေချိန် ၃၄ မီလီမီတာ ရွာသွန်းခဲ့သည်။

၎င်းမိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဖူကူအိုကာနှင့် အိုအီတာစီရင်စုအပါအဝင် ဒေသအများအပြားတွင် မြေပြိုမှုများဖြစ်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။ ဆာကာ၊ နာဂါဆာကီ၊ နှင့် ကူမာမိုတိုစီရင်စုများတွင် လက်ရှိအချိန်တွင် မိုးသည်းထန်စွာရွာသွန်းနေသည်။ နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် မိုးကြိုးပစ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးချက်ထုတ်ပြန်သည်။

လာမည့်တစ်ရက်အတွင်း ကျူရှူးဒေသမြောက်ပိုင်းတွင် မိုးရေချိန် ၁၈၀ မီလီမီတာ၊ ကျူရှူးဒေသတောင်ပိုင်းနှင့် ချူဂိုကူဒေသတွင် မိုးရေချိန် ၁၂၀ မီလီမီတာ အသီးသီးရွာသွန်းနိုင်ပြီး ကျူရှူးဒေသမြောက်ပိုင်းတွင် မြေပြိုမှုနှင့် မြေနိမ့်ဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပွားနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ကန်တိုး-ကိုရှင်ဒေသနှင့် ဟိုကူရီကူဒေသများတွင် လာမည့်ရက်များအတွင်း မိုးတိမ်များဖြစ်ပေါ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ ဖြစ်လာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဂျပန်နိုင်ငံရှိ ဒေသများတွင် မိုးရာသီအချိန်စောစွာကျရောက်ခြင်းနှင့်အတူ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ

## အမျိုးသားအစောင့်တပ်ဖွဲ့ တပ်စွဲခဲ့ခြင်းအတွက် အမေရိကန်အစိုးရအား ကယ်လီဖိုးနီးယားပြည်နယ်ကတရားစွဲဆို

ဝါရှင်တန် ဇွန် ၁၀

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်တွင် အမျိုးသားအစောင့်တပ်ဖွဲ့အား တပ်စွဲခဲ့ခြင်းအတွက် အမေရိကန်အစိုးရအား ကယ်လီဖိုးနီးယားပြည်နယ်က တရားစွဲဆိုခဲ့ကြောင်း သိရသည်။

အမျိုးသားအစောင့်တပ်ဖွဲ့အား တရားမဝင် အသုံးချခဲ့ခြင်းအတွက် တရားစွဲဆိုခြင်းဖြစ်ပြီး ၎င်းဆောင်ရွက်ချက်ကြောင့် လော့စ်အိန်ဂျလိစ်ဒေသတွင် အဓိကရုဏ်းများဖြစ်ပွားခဲ့သည်ဟု ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး ဂေဗင်နယူးဆမ်နှင့် ရှေ့နေချုပ် ရော့ဘွန်တာတို့က ပြောကြားသည်။

ပြည်နယ် အုပ်ချုပ်ရေး၏ သဘောတူညီချက် မပါဝင်ဘဲ ဆောင်ရွက်ခြင်းသည် အခြေခံဥပဒေကို ချိုးဖောက်ခြင်းဖြစ်သဖြင့် သမ္မတထရမ့်နှင့် ကာကွယ်ရေးဝန်ကြီး ပီတီဟက်ဂက်တို့အား တရားစွဲဆိုခြင်းဖြစ်ကြောင်း ကယ်လီဖိုးနီးယား ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးက ပြောကြားသည်။

ပြီးခဲ့သည့်ရက်များ အတွင်းက ဖြစ်ပွားခဲ့သည့် အဓိကရုဏ်းများတွင် ဆန္ဒဖော်ထုတ်သူများနှင့် ရဲတပ်ဖွဲ့အကြား ပဋိပက္ခများဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိမှုများရှိခဲ့သည်။ သမ္မတသည် ၎င်း၏ နိုင်ငံရေးအကျိုးအမြတ်အတွက် အဓိကရုဏ်းများကို ဖန်တီးနေသည်ဟု ရှေ့နေချုပ်ရော့ဘွန်တာက ပြောကြားသည်။

ယခု တရားစွဲဆိုမှုအပြီးတွင် ဆန္ဒဖော်ထုတ်သူများအား ပြင်းထန်စွာတုံ့ပြန်မည်ဟု ထရမ့်က ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ




## သြစတြီးယားနိုင်ငံ ကျောင်းတစ်ကျောင်းတွင် ပစ်ခတ်မှုဖြစ်ပွား

ဗီယင်နာ ဇွန် ၁၀

သြစတြီးယားနိုင်ငံ ဂရက်မြို့ရှိ ကျောင်းတစ်ကျောင်းတွင် ဇွန် ၁၀ ရက်က ပစ်ခတ်မှုဖြစ်ပွားရာ ၁၀ ဦး သေဆုံးကြောင်း ဒေသန္တရမီဒီယာများက ပြောကြားသည်။ ပစ်ခတ်မှုဖြစ်စဉ်တွင် ကျောင်းသားနှင့် ဆရာအရေအတွက် ဆယ်ဂဏန်းခန့် ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းအကြမ်းဖက်မှုသည် ဇွန် ၁၀ ရက် နံနက် ၁၀ နာရီမတိုင်မီအချိန်တွင် လန်းခရိုင်ရှိ ဘော့ဂျကျောင်းတွင် ဖြစ်ပွားခြင်းဖြစ်ပြီး ပစ်ခတ်သူမှာ ၎င်းကျောင်းမှ အသက် (၂၂) နှစ်အရွယ်ရှိ ကျောင်းသားဖြစ်ကာ ဖြစ်စဉ်အတွင်း မိမိကိုယ်ကို သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကျောင်းသားများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး အခင်းဖြစ်နေရာကို ရှင်းလင်းခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယခုဖြစ်စဉ်သည် နိုင်ငံသမိုင်းတွင် အပြင်းထန်ဆုံးမှုခင်းဖြစ်စဉ်ဖြစ်ကြောင်း ဒေသန္တရသတင်းစာ ခရုနန်ဇီတန်က ပြောကြားသည်။

၎င်းမြို့တွင် ကောလိပ်ကျောင်းလေးကျောင်းနှင့် တက္ကသိုလ် လေးခုရှိသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ




## မလေးရှားနိုင်ငံတွင် ယာဉ်တိုက်မှုကြောင့် တက္ကသိုလ်ကျောင်းသား ဆယ့်ငါးဦးသေဆုံး

ကွာလာလမ်ပူ ဇွန် ၁၀

မလေးရှားနိုင်ငံ ပီရတ်ပြည်နယ်တွင် ယမန်နေ့က တက္ကသိုလ်ကျောင်းသားများ စီးနင်းလာသည့် ဘတ်စ်ကားတစ်စီးနှင့် ဗင်ကားတစ်စီးတို့တိုက်မိခဲ့ရာ တက္ကသိုလ်ကျောင်းသား ဆယ့်ငါးဦးသေဆုံးကြောင်း သိရသည်။

ပီရတ်ပြည်နယ်အဝေးပြေးလမ်းတွင် ခရီးသည် ၄၄ ဦးလိုက်ပါလာသည့် ဘတ်စ်ကားနှင့် ဗင်ကားတို့တိုက်မိခဲ့ခြင်းဖြစ်သည်။ တက္ကသိုလ်ကျောင်းသားများမှာ ၎င်းတို့ပညာသင်ကြားသည့် တက္ကသိုလ်သို့ ပြန်လာခြင်းဖြစ်သည်။ ၃၃ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ထိခိုက်ဒဏ်ရာရရှိသူများတွင် ဘတ်စ်ကားမောင်းသည့်ယာဉ်မောင်းနှင့် ဗင်ကားပေါ်တွင် စီးနင်းသူများ ပါဝင်သည်။

သေဆုံးသူကျောင်းသားများ၏ မိသားစုများအတွက် လိုအပ်သည်များဆောင်ရွက်ပေးရေး ဝန်ကြီးချုပ် အန်နဝါအီဘရာဟင်က ပညာရေးဌာနကို ညွှန်ကြားခဲ့သည်။ ရဲတပ်ဖွဲ့က ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးနေသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် တောင်ကိုရီးယားနိုင်ငံသားသုံးဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



**နေပြည်တော် ဇွန် ၁၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park)နှင့်ကျောက်ခတ် နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တောင်ကိုရီးယားနိုင်ငံသားသုံးဦးအား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင် လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ ပြည်နှင် လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်ကိုရီးယား သံအမတ်ကြီးနိုင်ငံ သံရုံးမှ Counsellor Mr. Rhee Wuchan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၁၄ ဦး စစ်ဆေး ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၅၄ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင် လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၆၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင် လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် စက်ချို့ယွင်းကာ မတော်တဆမှုဖြစ်ပွား

**နေပြည်တော် ဇွန် ၁၀**

တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည် လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာ၏ အရှေ့ဘက် မီတာ ၂၀၀၀ ခန့်အကွာ စပါးစေ့ကျေးရွာအနီးသို့အရောက် ရုတ်တရက်စက်ချို့ယွင်းမှုဖြစ်ပေါ်ခဲ့ကာ မြေပြင်ပေါ်သို့ပျက်ကျခဲ့ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါလေယာဉ်ပျက်ကျခဲ့သည့် နေရာတစ်ဝိုက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လေယာဉ်စက်ချို့ယွင်းမှုအကြောင်းအရင်းအား စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "ရန်နိုင်ထက်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်နေ ရန်နိုင်ထက်(ခ)ရန်နိုင်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင် ချမ်းမြသာစည် မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်၊ ဝဋ္ဋသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၄၀** ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အစီအစဉ် '**သတိပြုကာကွယ် ငှက်ဖျားရောဂါအန္တရာယ်**'
**၁၀:၃၅** ပွေပွေရှုပ်ရှုပ် နည်းပညာကမ္ဘာ(အပိုင်း၇+၈)
**၁၁:၁၅** ကမ္ဘာတစ်လွှား အနုပညာသတင်းများ
**၁၁:၃၅** ရှုပွယ်စုံလင် အာဆီယံအစီအစဉ်
**၁၃:၁၀** သီချင်းကြိုးဝဒေသာ
**၁၃:၃၀** MRTV National News
**၁၅:၃၀** Weekly Soccer Preview
**၁၆:၃၅** မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ့
**၁၆:၅၀** ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အစီအစဉ် '**ငှက်ဖျားရောဂါကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး**'
**၁၇:၀၅** ရှေ့သို့ချီမည် ပန်းတိုင်ဆီ
**၁၇:၂၀** NEXT LEVEL
**၁၇:၃၀** စူးစမ်းရှာဖွေ နည်းပညာအငွေ့(အပိုင်း၇+၈)
**၁၈:၃၅** ပြည်ချစ်သားမွန် တေးသဂင်
**၁၈:၄၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**တော်ဝင်စားပွဲ**' (အပိုင်း-၂၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ပြည်ချစ်သားမွန် တေးသဂင်
**၂၁:၃၀** မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် အစီအစဉ် 'The Great Wall '**သမိုင်းဝင်ယဉ်ကျေးမှု**' (အပိုင်း-၁)
**၂၂:၂၀** (၃၀)ဖြာမင်္ဂလာ '**အာရတီပါပါ**' (မကောင်းမှုလာဘ်ယူဝေးကွာရှောင်ကြဉ်ခြင်း)

### mitv

**07:02** Evergreen Classic: Zambudipar (Shwe Yee Win)
**07:10** Bagan Lacquerware
**07:24** Faith & Worship (Part-1)
**07:44** Nutitious Avocado Foods
**08:26** Beasts of Asia (Malaysia)
**08:47** Myanmar Masterclass: Artist Shwe Yoe Yar
**09:01** Memorable Hainan Island
**09:24** May Fragrance of Flower Last Forever (SEAVFC Kyaw Hninn Si)
**09:37** Dances of Myanmar: Mon Farmer Choral Dance

### Me

**၀၆:၀၀** အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
**၀၆:၂၀** တိုင်းရင်းသားသီချင်း၊ အက(ချင်း)
**၀၆:၄၀** မြန်မာသံစဉ်တေးများ
**၀၇:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**တောက်ပသောနေ့ရက်များဆီသို့**' (အပိုင်း-၂၄)
**၀၇:၄၅** စတီရီယိုတေးများ
**၀၈:၂၀** ဇာတ်တော်ကြီး '**သုဝဏ္ဏသာမဇာတ်တော်ကြီး**' (ပထမပိုင်း)
**၀၉:၅၀** ကာတွန်း '**ဖိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း**' (အပိုင်း-၁၀)
**၁၀:၁၅** စတီရီယိုတေးများ
**၁၀:၃၅** ဇာတ်တော်ကြီး '**သုဝဏ္ဏသာမဇာတ်တော်ကြီး**' (ဒုတိယပိုင်း)

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ချစ်သစ္စာအလှတည်ရာမြေ

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ထူးဆန်းတစ်မူ ရသေ့ပုံပြင်

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၂)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ဒီဇိုင်နာဟီဟီနှင့် တွေ့ဆုံမေးမြန်းခြင်း

**ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ကြက်သားတုံးကြော်

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်းသီချင်းကြီး(အပိုင်း-၄)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
လုံခြုံနွေးထွေးအရိပ်ပေးမွန်တို့ရိုးရာအိမ်ကလေး

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ဝါးထဲကပိုး

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရိုးရာထိန်းလို့အရိပ်ပေးတို့ရှမ်းမျိုးရဲ့ခမောက်လေး

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
သစ်ကြားသီးနှင့်ကျန်းမာရေး

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ

### MRTV NEWS

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၉:၄၅** သစ်ပင်စိုက်ပါတို့ကမ္ဘာ
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
**၂၀:၄၅** Festivals Around The World

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ '**အစ္စရေးနိုင်ငံ**'
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**သိလျက်နှင့်ထိန်ချန်မှု**'
**၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ '**ဆွစ်ဇာလန်နိုင်ငံ**'
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း '**ဂျပန်နိုင်ငံ**'
**၁၁:၃၀** ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၇၅)

### MRTV FARMERS HD

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၁၅** ကုန်ကြမ်းမှသည် ကုန်ချောဆီသို့
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
**၁၈:၂၀** Livestock on the Land
**၁၉:၁၅** Cork Rooftop Farm
**၂၀:၀၀** ရှယ်လီကောသာ(ဇာတ်လမ်း)
**၂၂:၀၀** New Year's Blue (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက် လမ်းပြကြယ်
**၀၆:၅၀** Sports Diary
**၀၇:၄၀** Weekly MNL Review
**၁၈:၀၀** ၂၀၂၅ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု
**၁၇:၀၀** အားကစားသတင်း

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၅ ရက်တွင် အောင်မြေသာစံမြို့နယ် အမရဌာနီ(အရှေ့)ရပ်ကွက်၌ တရားမဝင် အခြားသစ် သုညဒသမ ၂၈၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၈၈၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ အမရပူရမြို့နယ် ရတနာပုံတံတား (နှာပေါက်)စစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၄၁ ပီပါ၊ ဓာတ်ဆီ နှစ်ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၃၁၉၅၇ ကျပ်)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ ဇွန် ၉ ရက်တွင် ဟန်မြင့်မိုရ်-ရွှာငံလမ်း ဆင်ခေါင်းတောင်အနီး၌ ကျင်စန်းကျော့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်လေးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန် ပစ္စည်း ၁၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်းကိုးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၄၅၆၆၅၀၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး၊ Scania Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၀၀၀၀၀၀) နှင့် မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၃၀၀၈၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၂၂၈၂၈၇ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင် အင်္ဂပူ မြို့နယ်၌ တရားမဝင် ကျွန်းသစ် သုညဒသမ ၂၂၂ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀)ကို သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့အတူ ဇွန် ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စခတ (၈) ပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၆၉၈ ပီပါ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၄၇၂၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

အလားတူ ဇွန် ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၄၄၈၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘီးလင်းတိုးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Hyundai Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့ မြေနီကုန်းကားဝင်း GI ကားဂိတ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၄၆၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၈၉၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ ခုနစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၈၆၀၈၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီးအကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထန်းတပင်မြို့နယ် ရန်ကုန်-ပုသိမ်လမ်းမကြီး သီတာအေးတာဆုံ၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၆ ပီပါ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၉၃၆၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇွန် ၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် အစီး ၃၀ နှင့် လိုင်စင်မဲ့ဆိုင်ကယ် ၆၉ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံး လုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇွန် ၅ ရက်၊ ၆ ရက်၊ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် အမှုတွဲ စုစုပေါင်း ၄၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၃၂၇၁၈၈၇) ကို သိမ်းဆည်းရမိခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများ သည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေး ကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင်ကုန်သွယ် မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးကိုးဦး ဒဏ်ရာရ

နေပြည်တော် ဇွန် ၁၀

အစွန်းရောက် အကြမ်းဖက်သမားများသည် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့်အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များအား ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့် လှုံ့ဆော်မှုများဖြင့် အများပြည်သူ သွားလာအသုံးပြုသော လမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများနှင့် လူနေအိမ်များကို ဖောက်ခွဲရေးပစ္စည်း ကိရိယာများအသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

## လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲ

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၉ ရက် ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ နယ်မြေခံ သင်တန်းကျောင်း အုတ်တံတိုင်းဘေးတွင် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ "ဝါဖူး" အထည်ချုပ်စက်ရုံမှ ကြာဖြူကန် ကျေးရွာနေ ဦးဝင်းကျော်(၄၀)နှစ် မောင်းနှင်ပြီး အထည်ချုပ်ဝန်ထမ်းများ လိုက်ပါလာသည့် 9B/1349 Isuzu Canda ယာဉ်သည် အဆိုပါနေရာအနီးအရောက်၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဝါဖူးအထည်ချုပ်စက်ရုံမှ အလုပ်သမားများဖြစ်သည့် ကျော်ရဲအောင်(၃၃)နှစ်၊ ဒေါ်မြမြဆင့်(၄၅)နှစ်၊ ဒေါ်ထွေးထွေးရီ (၄၁)နှစ်၊ မအိပိုပိုသက်(၂၃)နှစ်၊ ဒေါ်အေးမာထွန်း(၄၃)နှစ်၊ မဇင်မာသင်း(၂၉)နှစ်၊ မအိအိပြုံး(၃၅)နှစ်၊ မဝေနှင်းစိုး(၂၈)နှစ်၊ ဒေါ်လေးလေးနွယ်(၅၀)နှစ်၊ မနွယ်နွယ်ဝါ (၃၃)နှစ်၊ စုစုပေါင်း အမျိုးသားတစ်ဦး၊ အမျိုးသမီးကိုးဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❖ မုတ်သုံလေမှ

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေ မှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။







မိုး/ဇလ

# သတိပြုဖွယ် နိုင်ငံသားစိစစ်ရေးကတ်အတုနှင့် အွန်လိုင်းလိမ်လည်မှုအန္တရာယ်

**ယနေ့မျက်မှောက်ကမ္ဘာတွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုသည် အများပြည်သူ၏ နေ့စဉ် လူမှုဘဝများအတွက် များစွာအကျိုးရှိသော်လည်း အခြားတစ်ဖက်တွင် ဥပဒေနှင့်မညီသောလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများစွာဖြစ်စေပါသည်။ ယင်းတို့အနက် အင်တာနက်ကွန်ရက်ဆက်သွယ်မှုကို အသုံးချ၍ ကျူးလွန်သည့်လိမ်လည်မှုများသည် လတ်တလောသတိပြုရမည့် ပြည်သူများအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာပါသည်။**

**ရွှေခြံသား(FIU)**

ဒုစရိုက်သမားများအနေဖြင့် အွန်လိုင်းလိမ်လည်မှုကို ကျူးလွန်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်အတု၊ တစ်ပါးသူများ၏ နိုင်ငံသားစိစစ်ရေးကတ်များဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်း (Account) များကို အသုံးပြု၍ လိမ်လည်ရရှိရာမှ ငွေကြေးများကို လွှဲပြောင်းရယူကြပါသည်။ အင်တာနက်ဆက်သွယ်ရေး နည်းပညာအပေါ် အခြေခံထားသည့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ထိုသို့သော ဝန်ဆောင်မှုလုပ်ငန်းများကို ရယူအသုံးပြုနိုင်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်များနှင့် ယာဉ်မောင်းလိုင်စင်များမှာ အခြေခံလိုအပ်သည့် အထောက်အထားများ ဖြစ်လာပါသည်။ သို့ဖြစ်ရာ နိုင်ငံသားစိစစ်ရေးကတ်များ၏ စစ်မှန်နိုင်မှု၊ အချက်အလက်များ ခိုင်မာမှု၊ အတုအပပြုလုပ်ရန် ခက်ခဲစေနိုင်မှု စသည့် အရည်အသွေးများသည်လည်း အရေးကြီးလာပါသည်။

> 💡 **“နိုင်ငံသားစိစစ်ရေးကတ်အတုများကို သုံးစွဲသူများသည် ရာဇဝတ်မှုတွင် ပါဝင်နေပါသည်”**

**နိုင်ငံသားစိစစ်ရေးကတ်အတုဆိုတာ ဘာလဲ**

နိုင်ငံသားစိစစ်ရေးကတ်အတု ဆိုသည်မှာ တရားမဝင်သော လုပ်ဆောင်ချက်တစ်ခုကို ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် တုပထားသည့် စာရွက်စာတမ်းတစ်ခု ဖြစ်ပါသည်။ စာရွက်စာတမ်းအတု ပြုလုပ်ခြင်းသည် ရာဇဝတ်မှုမြောက်ပြီး ဥပဒေအရ တရားစွဲဆိုခံရမည်ဖြစ်ပါသည်။ ထို့အပြင် **နိုင်ငံသားစိစစ်ရေးကတ်အတုများကိုသုံးစွဲသူများသည် ရာဇဝတ်မှုတွင် ပါဝင်နေသည်**ကို သိရှိနားလည်ထားရပါမည်။

**ဒုစရိုက်သမားများက နိုင်ငံသားစိစစ်ရေးကတ်အတုအား မည်သည့်ရည်ရွယ်ချက်အတွက် ပြုလုပ်သလဲ**

နိုင်ငံသားစိစစ်ရေးကတ်၏ နယ်ပယ်မျိုးစုံတွင် အသုံးဝင်မှုသည် ဒုစရိုက်သမားများအတွက် အမျိုးမျိုးသော လုပ်ငန်းများတွင် အသုံးချနိုင်ရန် အခွင့်အလမ်းများဖြစ်စေပါသည်။ ဒုစရိုက်သမားများအနေဖြင့် ရည်ရွယ်ချက်အမျိုးမျိုးအတွက် နိုင်ငံသားစိစစ်ရေးကတ်အတုများ ပြုလုပ်အသုံးပြုကြပါသည်။ အထူးသဖြင့် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာတွင် နောက်ကြောင်း လိုက်လံစုံစမ်းခံရခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်အတုများကို အသုံးချကြပါသည်။

ထို့ပြင် ပြစ်မှုကျူးလွန်ထားသူများကလည်း မိမိတို့ကျူးလွန်ထားသည့်ပြစ်မှုမှ တိမ်းရှောင်ပြီး လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်အတုများ ကိုင်ဆောင်အသုံးပြုလိုကြပါသည်။ ယခုအခါ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့်သူများကလည်း နိုင်ငံသားစိစစ်ရေးကတ်အတုများအသုံးပြု၍ နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အသုံးပြုလာသည်ကို တွေ့ရှိရပါသည်။ ထိုသို့သော ရာဇဝတ်မကင်းသည့် ရည်ရွယ်ချက်အမျိုးမျိုးအတွက် နိုင်ငံသားစိစစ်ရေးကတ်အတုများ ပြုလုပ်ရောင်းချသည့် ဒုစရိုက်လုပ်ငန်းလည်း ပေါ်ပေါက်လာခဲ့ပါသည်။

**နိုင်ငံသားစိစစ်ရေးကတ်အတုအား ဒုစရိုက်သမားများက မည်သို့အသုံးချသလဲ**

နိုင်ငံသားစိစစ်ရေးကတ်အတု ပြုလုပ်ခြင်းသည် တရားမဝင် ရောင်းဝယ်မှု၊ ငွေကြေးလိမ်လည်မှု၊ ခရီးသွားထောက်ခံချက်အတု၊ မမှန်ကန်သော သက်သေအထောက်အထား တင်သွင်းခြင်း စသည့် အမျိုးမျိုးသော ရာဇဝတ်မှုများအတွက် အထောက်အကူဖြစ်စေနိုင်သည်။ အထူးသဖြင့် အွန်လိုင်းပေါ်တွင် ကိုယ်ရေးကိုယ်တာ အချက်အလက်များ ပေါက်ကြားခံရခြင်း၊ ရိုးသားသည့်ပြည်သူများအတွက် ငွေကြေးများဆုံးရှုံးခြင်း၊ စီးပွားရေး၊ လူမှုရေး ထိခိုက်မှုများ ဖြစ်ပေါ်စေခြင်း စသည့် အခြေအနေများသည် လက်တွေ့ဖြစ်ပေါ်နေသည့် အနေအထားဖြစ်ပြီး ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် လိုအပ်သည့်ပြဿနာ ဖြစ်လာပြီဖြစ်သည်။

ဒုစရိုက်သမားများသည် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာ၌ နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့် ငွေစာရင်းများ၊ E-wallet များဖြစ်သည့် Mobile Pay Account များ ဖွင့်လှစ်၍ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့်ငွေကြေးများ လွှဲပြောင်းဆောင်ရွက်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်အတုများဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်းများကို အသုံးပြု၍ လျှို့ဝှက်ငွေကြေး (Crypto Currency) များဝယ်ယူပြီး ငွေကြေးများ ဖုံးကွယ်နိုင်ပါသည်။ တယ်လီဖုန်း SIM Card မှတ်ပုံတင်ရာတွင်လည်း မိမိ၏ ကိုယ်ရေးအချက်အလက်များကို ဖုံးကွယ်နိုင်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်အတုကို အသုံးပြုကြပါသည်။

> **❝ဒုစရိုက်သမားများအနေဖြင့် အွန်လိုင်းလိမ်လည်မှုကို ကျူးလွန်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်အတု၊ တစ်ပါးသူများ၏ နိုင်ငံသားစိစစ်ရေးကတ်များဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်း (Account) များကို အသုံးပြု၍ လိမ်လည်ရရှိရာမှ ငွေကြေးများကို လွှဲပြောင်းရယူကြပါသည်။ အင်တာနက်ဆက်သွယ်ရေးနည်းပညာအပေါ် အခြေခံထားသည့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ထိုသို့သော ဝန်ဆောင်မှုလုပ်ငန်းများကို ရယူအသုံးပြုနိုင်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်များနှင့် ယာဉ်မောင်းလိုင်စင်များမှာ အခြေခံလိုအပ်သည့် အထောက်အထားများ ဖြစ်လာပါသည်။ သို့ဖြစ်ရာ နိုင်ငံသားစိစစ်ရေးကတ်များ၏ စစ်မှန်နိုင်မှု၊ အချက်အလက်များခိုင်မာမှု၊ အတုအပပြုလုပ်ရန် ခက်ခဲစေနိုင်မှု စသည့် အရည်အသွေးများသည်လည်း အရေးကြီး❞**

> 💡 **“မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ကို မျှဝေခြင်းသည် မိမိကိုယ်ကို အန္တရာယ်ပေးခြင်းနှင့်တူသည်”**

**နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ပေါက်ကြားခံရနိုင်သည့် အန္တရာယ်များ**

ဒုစရိုက်သမားများအတွက် နိုင်ငံသားစိစစ်ရေးကတ်အတုများပြုလုပ်နိုင်ရန်မှာ အခြားသူတစ်ဦး၏ ကိုယ်ရေးအချက်အလက်များ ရရှိရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ အခြားသူတစ်ဦး၏ စစ်မှန်သည့် ကိုယ်ရေးအချက်အလက်များ ရရှိရန် ဒုစရိုက်သမားများက နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းလာကြပါသည်။ ပြည်သူများအနေဖြင့်လည်း မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်များ သို့မဟုတ် အချက်အလက်များ ခိုးယူခံရနိုင်သည့် အန္တရာယ်များကို သတိပြုရန် လိုအပ်ပါသည်။ အများအားဖြင့် ကိုယ်ရေးအချက်အလက်များ အများဆုံးပေါက်ကြားမှု ဖြစ်ပွားသည့်နေရာမှာ အင်တာနက်အွန်လိုင်းပေါ်မှပင် ဖြစ်ပါသည်။

ပြည်သူများအနေဖြင့် ဆိုရှယ်မီဒီယာပေါ်တွင် နိုင်ငံသားစိစစ်ရေးကတ်ဓာတ်ပုံများ မျှဝေမိခြင်း၊ အတုအယောင် အက်ပလီကေးရှင်းများ / ဝက်ဘ်ဆိုက်များတွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းမိခြင်း၊ အများသုံးဝိုင်ဖိုင်များကို အသုံးပြုစဉ် Phishing Website များမှတစ်ဆင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းမိခြင်းဖြင့် ကိုယ်ရေးအချက်အလက်များ ပေါက်ကြားခံရနိုင်ပါသည်။

ထို့ပြင် အတုအယောင်ဘဏ် သို့မဟုတ် ဟန်ဆောင်ငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများ၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ လိမ်လည်တောင်းခံမှုကြောင့် ပေးအပ်မိခြင်း၊ အတုအယောင် အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများတွင် မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကိုပေးအပ်၍ အလုပ်လျှောက်ထားမိခြင်းဖြင့်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ကူးယူပေါက်ကြားခံရနိုင်ပါသည်။ **မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ကို မျှဝေခြင်းသည် မိမိကိုယ်ကို အန္တရာယ်ပေးခြင်းနှင့်တူသည်ဖြစ်ရာ** အထူးသတိထားသင့်လှပါသည်။

> 💡 **“မိမိ၏ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်ခြင်းသည် မိမိ၏တာဝန်ဖြစ်သည်”**

**နိုင်ငံသားစိစစ်ရေးကတ်ကို ခိုးယူခံရခြင်းမှ မည်သို့ကာကွယ်သင့်သလဲ**

ပြည်သူများအနေဖြင့် မိမိအား ထုတ်ပေးထားသော တန်ဖိုးရှိလှသည့် နိုင်ငံသားစိစစ်ရေးကတ် မပျောက်ပျက်ရေးအတွက် ဂရုတစိုက်ထိန်းသိမ်းကိုင်တွယ်ရန် အရေးကြီးလှပါသည်။ ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ပေါက်ကြားခံရပြီး တလွဲအသုံးပြုခံရခြင်း မရှိစေရန်အတွက် သတိကြီးစွာထား၍ အသုံးပြုရမည်ဖြစ်ပါသည်။ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်အား တရားဝင်လုပ်ငန်းကိစ္စရပ်များမှတစ်ပါး အခြားသူ တစ်ဦးတစ်ယောက်ထံ ပေးအပ်ခြင်းမပြုရန်၊ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်အား မလိုအပ်ဘဲ မိတ္တူမကူးရန်၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များကို အွန်လိုင်းပေါ်တွင် မျှဝေခြင်းမပြုရန် လိုအပ်ပါသည်။ **မိမိ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်ခြင်းသည် မိမိ၏တာဝန်ဖြစ်ပါသည်။**

**ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်အတုနှင့် စပ်လျဉ်း၍ CDD ကို မည်သို့ဆောင်ရွက်သင့်သလဲ**

နိုင်ငံသားစိစစ်ရေးကတ်အတုများသည် ဒုစရိုက်သမားများအတွက် ဘဏ်ငွေစာရင်းများ၊ Kpay၊ WavePay ကဲ့သို့သော မိုဘိုင်းငွေကြေးဝန်ဆောင်မှုအကောင့်များ ဖွင့်လှစ်အသုံးချနိုင်စေရန် အခွင့်အလမ်းများဖြစ်စေပါသည်။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်အတုကိုအသုံးပြု၍ မိမိတို့၏ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအပေါ် တလွဲအသုံးချခြင်း မခံရစေရေးအတွက် ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်း (Customer Due Diligence –CDD) လုပ်ငန်းစဉ်ကို အောက်ပါအတိုင်းဆောင်ရွက်သင့်ပါသည်–

(၁) နိုင်ငံသားစိစစ်ရေးကတ်တွင် ပြင်ရာ၊ ဖျက်ရာများ ရှိ၊ မရှိ၊
(၂) ထုတ်ပေးသည့်ကာလအပေါ် မူတည်၍ နိုင်ငံသားစိစစ်ရေးကတ် အရောင်တောက်ပနေခြင်း သို့မဟုတ် အရောင်မှေးမှိန်နေခြင်း ရှိ၊ မရှိ၊
(၃) ဆက်သွယ်ဆောင်ရွက်သူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ ဓာတ်ပုံတူညီမှု ရှိ၊ မရှိ၊
(၄) တိုင်းဒေသကြီး/ပြည်နယ် အမှတ်စဉ်ကိန်းဂဏန်းများ၊ မြို့နယ်ကိုယ်စားပြုအတိုကောက်အမည်များ မှန်ကန်မှု ရှိ၊ မရှိ (ဥပမာ– ၁/ မကန(နိုင်) သို့မဟုတ် ၁၂/ မကန (နိုင်)၊
(၅) ဆက်သွယ်ဆောင်ရွက်သူ၏ လက်ရှိနေရပ်လိပ်စာမှာ အမှန်တကယ်နေထိုင်ခြင်း ရှိ၊ မရှိနှင့် နိုင်ငံသားစိစစ်ရေးကတ်တွင် ဖော်ပြထားသော လိပ်စာများ မှန်ကန်မှု ရှိ၊ မရှိ (ဥပမာ–မြို့တစ်ခုတွင် ရပ်ကွက် ၁၂ ရပ်ကွက်သာ ရှိသော်လည်း ၁၃ ရပ်ကွက်ဟု ဖော်ပြထားခြင်း)၊
(၆) အသက်အရွယ်နှင့်စပ်လျဉ်း၍ နိုင်ငံသားစိစစ်ရေးကတ်ပါ မွေးသက္ကရာဇ်များအရ အသက်အရွယ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ အသက်အရွယ်ဖြစ်နိုင်ခြင်း ရှိ၊ မရှိ၊
(၇) နိုင်ငံသားစိစစ်ရေးကတ်ပါ ကိုယ်တွင်ထင်ရှားသောအမှတ်အသားများ အမှန်တကယ် ရှိ၊ မရှိ၊
(၈) နိုင်ငံသားစိစစ်ရေးကတ်အတုဟု သံသယရှိပါက သက်ဆိုင်ရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများ၏ ထောက်ခံစာရယူစေခြင်း သို့မဟုတ် ထုတ်ပေးထားခြင်း ရှိ၊ မရှိ အတည်ပြုချက်ရယူခြင်း။

> 💡 **“နိုင်ငံသားစိစစ်ရေးကတ်အတုများသည် သင့်အား အမှုအခင်းပြဿနာများထဲသို့ ဆွဲခေါ်နိုင်သည်၊ သတိထားပါ”**

**နိုင်ငံသားစိစစ်ရေးကတ်အတုနှင့်စပ်လျဉ်း၍ မည်သည့်ဥပဒေများဖြင့် အရေးယူခံရနိုင်သလဲ**

နိုင်ငံသားစိစစ်ရေးကတ်အတု ပြုလုပ်လျှင်ဖြစ်စေ၊ ပြုလုပ်ရန် အားပေးကူညီလျှင်ဖြစ်စေ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂၁ အရ ထောင်ဒဏ်တစ်ဆယ့်ငါးနှစ်နှင့် ငွေဒဏ် ကျခံနိုင်ပါသည်။ ထို့ပြင် ရာဇသတ်ကြီးပုဒ်မ ၄၂၀၊ ၄၆၈၊ ပုဒ်မ ၄၇၁ တို့အရ တရားစွဲဆိုခံရနိုင်ပြီး ခုနစ်နှစ်အထိ ထောင်ဒဏ်ကျခံရနိုင်သည်ကို သတိပြုရမည်ဖြစ်ပါသည်။

**စာမျက်နှာ ၁၇ သို့** ❐

# လူငယ်များနှင့် ဒစ်ဂျစ်တယ်နည်းပညာ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

**"ဒစ်ဂျစ်တယ်မီဒီယာကို ပညာရေးနှင့် လေ့လာဆည်းပူး သင်ယူမှုများတွင် ကောင်းမွန်စွာအသုံးပြုပါက သင်ယူမှုကို မြှင့်တင်ပေးနိုင်သည်။ ထို့ပြင် ဒစ်ဂျစ်တယ်မီဒီယာသည် ကျောင်းသားများ၊ လူငယ်များအတွက် သိမှတ်ဖွယ်ရာ၊ အချက်အလက်၊ အထောက်အထားများ ရှာဖွေပေးရန် ကူညီပေးနိုင်သည်။ လူငယ်များ၏ ဆန်းသစ်ဖန်တီးနိုင်စွမ်းကို ဒစ်ဂျစ်တယ်နည်းပညာက မြှင့်တင်ပေးနိုင်သည်။ တစ်ဖန် ဒစ်ဂျစ်တယ်မီဒီယာသည် လူငယ်များအချင်းချင်း ဆက်သွယ်ရေးစွမ်းရည်ကိုတိုးတက်"**

ဒစ်ဂျစ်တယ်ကမ္ဘာသည် လူငယ်ဖွံ့ဖြိုးမှုအပေါ် သိသာထင်ရှားသောလွှမ်းမိုးမှုရှိသည်။ လူမှုရေးနှင့် အပြန်အလှန် အကျိုးသက်ရောက်မှုရှိသည့် မီဒီယာများပါဝင်သော ဒစ်ဂျစ်တယ်နည်းပညာများသည် လူငယ်များအပေါ်လွှမ်းမိုးမှုရှိသည်။ လူငယ်များ၏ ဒစ်ဂျစ်တယ်မီဒီယာ အသုံးပြုမှုသည် မီဒီယာအမျိုးအစား၊ အသုံးပြုမှုအတိုင်းအတာကဲ့သို့သော အကြောင်းအချက်အမျိုးမျိုးအပေါ် မူတည်၍ လိုက်လျောညီထွေဖြစ်ရန် လိုအပ်သည်။ လူငယ်များအနေဖြင့် နေ့စဉ်ဘဝတွင် ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုခြင်းသည် ဆန်းသစ်ဖန်တီးလိုသော စိတ်ကူးကောင်းများဖြစ်လာစေသည်။ လူငယ်များသည် ဒစ်ဂျစ်တယ်အသုံးချမှုများ၊ မိုဘိုင်းပစ္စည်းများအသုံးပြုခြင်းဖြင့် အလုပ်နှင့်ဘဝ ဟန်ချက်ညီမှုကို ဖော်ဆောင်လာကြသည်။ သို့သော်လည်း အင်တာနက်အသုံးပြုမှုတိုးလာခြင်းကြောင့် ၎င်း၏အားသာချက်များနှင့် လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ သုခချမ်းသာအပေါ် ဆိုးကျိုးများဖြစ်နိုင်ခြေများကြောင်း ဆွေးနွေးငြင်းခုံမှုများဖြစ်လာခဲ့သည်။

ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်အသွင်ပြောင်းခြင်းသည် ခေတ်မီတိုးတက်လာခဲ့သည်။ ဒစ်ဂျစ်တယ်အသွင်ပြောင်းခြင်းသည် နည်းပညာအသစ်များကို ဝယ်ယူခြင်းမျှသာမဟုတ်ချေ။ လုပ်ငန်းဗျူဟာတစ်ခုလုံးကို ထည့်သွင်းစဉ်းစားသည့်နည်းဖြင့် ထိုနည်းပညာကို ပေါင်းစပ်ခြင်းဖြစ်သည်။ ဒစ်ဂျစ်တယ်အသွင်ပြောင်းခြင်းသည် လုပ်ငန်းတစ်ခုလည်ပတ်ပုံ၊ အလုပ်ရှင်များနှင့် ထိတွေ့ဆက်ဆံပုံ၊ ပစ္စည်းပေးသွင်းသူများနှင့် အပြန်အလှန်ဆက်ဆံပုံ စသည်တို့ကို အသွင်ပြောင်းခြင်းဖြစ်သည်။

လွန်ကဲပြီးညံ့ဖျင်းသော အရည်အသွေးရှိသည့် ဒစ်ဂျစ်တယ်မီဒီယာကို အသုံးပြုခြင်းသည် အိပ်စက်ခြင်းပြဿနာများ၊ အဖျက်သဘောဆောင်သော မိမိကိုယ်ကို ထိန်းချုပ်နိုင်မှုစွမ်းရည်၊ ဆိုက်ဘာအနိုင်ကျင့်မှု၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုများ၊ အဝလွန်ခြင်းနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများအပါအဝင် လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများကို တွေ့ရှိထားသည်။

အင်တာနက်သည် လူငယ်များ၏ ဘဝနေထိုင်မှုပုံစံကို အပြုသဘောဆောင်သော သက်ရောက်မှုဖြစ်စေနိုင်သည်။ သုတေသနပြုချက်များအရ အင်တာနက်အသုံးပြုခြင်းသည် လူငယ်များအပျက်သဘောဆောင်သောရလဒ်များကို ခံနိုင်ရည်ရှိပြီး အပြုသဘောဆောင်သော လမ်းညွှန်မှုကို ပိုမိုရွေးချယ်နိုင်သော ခွန်အားများတည်ဆောက်ခြင်းဖြင့် အပြုသဘောဆောင်သည့် လူငယ်ဖွံ့ဖြိုးတိုးတက်မှု (Positive Youth Development) ကို အထောက်အကူပြုသည်။

လူမှုမီဒီယာသည် အပြုသဘောဆောင်သော အသိုက်အဝန်းနှင့် အထောက်အထားများ၊ အရည်အချင်းများနှင့် စိတ်ဝင်စားမှုများကို မျှဝေပေးသည့် အခြားသူများနှင့် ချိတ်ဆက်ပေးခြင်းဖြင့် လူငယ်အချို့အတွက် အကျိုးကျေးဇူးများပေးနိုင်သည်။ ၎င်းသည် အရေးကြီးသော အချက်အလက်များကို ဝင်ရောက်ကြည့်ရှုခွင့်ပေးစွမ်းနိုင်ပြီး မိမိကိုယ်မိမိ ဖော်ပြရန်အတွက် နေရာတစ်ခု ဖန်တီးပေးနိုင်သည်။ အချို့သောလူငယ်များသည် လူမှုမီဒီယာတွင် အချိန်များစွာသုံးစွဲပြီး စိုးရိမ်ပူပန်မှုများ၊ စိတ်ဓာတ်ကျခြင်းနှင့် မိမိကိုယ်ကို လေးစားမှုနှင့် ယုံကြည်မှုပုံရိပ်ကို ထိခိုက်လာစေသည်။

ယနေ့ခေတ်တွင် နည်းပညာတိုးတက်မှုသည် စာသင်ခန်းအတွင်း သင်ယူမှုကို မြှင့်တင်ရာ၌ အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လာသည်။ ပညာရေးဆိုင်ရာသင်ကြားပို့ချမှုများတွင် ပိုမိုအဓိပ္ပာယ်ရှိလာသည်။ လူငယ်လူရွယ်များအကြား ဒစ်ဂျစ်တယ်မီဒီယာသည် ၎င်းတို့ပတ်ဝန်းကျင်ရှိ ပြဿနာများကို သတိပြုမိစေသည်။ လူငယ်တို့၏ စာတတ်မြောက်မှုစွမ်းရည်ကို မြှင့်တင်ပေးသည်။ လေ့လာဆည်းပူးမှုအရှိန်အဟုန်များ တိုးတက်မြင့်မားအောင် ဖန်တီးပေးလာသည်။

ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုတွင် လူငယ်များသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လာသည်။ ယနေ့ခေတ်တွင်အသက် ၁၅ နှစ်မှ ၂၄ နှစ်အရွယ်ရှိလူငယ်များ၏ ၇၅ ရာခိုင်နှုန်းသည် အင်တာနက်အသုံးပြုသူများဖြစ်ကြောင်း လေ့လာမှုများက တင်ပြထားသည်။ လူငယ်များ၏ စွမ်းအားအလားအလာနှင့် နည်းပညာများအပေါ်လွှမ်းမိုးမှု၏ အရေးပါမှုသည် လူငယ်များကို ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကသက်ဆိုင်သူများဖြစ်လာစေခဲ့သည်။

လူငယ်များအပေါ် နည်းပညာ၏ အကျိုးသက်ရောက်မှုများသည် လူမှုအဖွဲ့အစည်းတိုးတက်ရေးအတွက် လမ်းကြောင်းသစ်များကို ဖော်ဆောင်ပေးသည်။ လူငယ်တို့၏ လွတ်လပ်သောအတွေးအမြင်၊ စိတ်ကူးဉာဏ်ဆန်းသစ်ဖန်တီးမှုတို့ကို ပံ့ပိုးပေးသည်။ အထူးသဖြင့် လူမှုကွန်ရက်နှင့် အွန်လိုင်းဆက်ဆံရေးတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုခြင်းသည် လူငယ်များ၏ လူမှုအသိုင်းအဝိုင်းအတွက် ကောင်းကျိုးကို ဆောင်ရွက်ရန်လိုအပ်သည်။

လေ့လာမှုများက ဖော်ပြထားသည်မှာ နေ့စဉ်အချိန်တိုင်း မီဒီယာကိရိယာဆိုင်ရာ ဖုန်း၊ အင်တာနက်အသုံးပြုခြင်းသည် ကော်တီဆော (Cortisol) စိတ်ဖိစီးမှုဟော်မုန်းကို လှုံ့ဆော်ပေးပြီး မီလာတိုနင် (Melatonin) အိပ်စက်ခြင်းဟော်မုန်း ထုတ်လုပ်ပေးမှုကို ကန့်သတ်ထားကြောင်း ဖော်ပြထားသည်။ ကျွမ်းကျင်သူများက အိပ်ရာဝင်ချိန် နှစ်နာရီအတွင်း ယင်းကိရိယာများ တက်ကြွစွာအသုံးမပြုရန် အကြံပြုထားကြသည်။ သို့သော် ဒစ်ဂျစ်တယ်နည်းပညာက လူငယ်များအတွက် အပြုသဘောဆောင်သောသက်ရောက်မှုများရှိသည်။ လူမှုကွန်ရက်များက အွန်လိုင်းအသိုင်းအဝိုင်းများနှင့် ပံ့ပိုးကူညီမှုများကို လူငယ်များအတွက် အခွင့်အလမ်းများ ပံ့ပိုးပေးသည်။ ရွယ်တူအချင်းချင်း စိတ်ပိုင်းဆိုင်ရာ ချိတ်ဆက်မှုများအပေါ် သဘောထားများကို အပြုသဘောဆောင်သော လွှမ်းမိုးမှုရှိသည်။

ကျောင်းသားလူငယ်များအနေဖြင့် ဒစ်ဂျစ်တယ်တတ်မြောက်မှုစွမ်းရည်ရှိပါက လေ့လာသင်ယူဆည်းပူးမှုများတွင် နည်းပညာအသစ်များနှင့် အကျွမ်းတဝင်ဖြစ်အောင်၊ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နိုင်လျှင် မိမိတို့၏ပညာရေးအဆင့်အတန်းမြှင့်တင်ရေးတွင် အသုံးချနိုင်ပေမည်။ ဥပမာ– ယနေ့ခေတ်တွင် ဖွံ့ဖြိုးတိုးတက်လာသော AI ဟုခေါ်သည့် ဉာဏ်ရည်တုနည်းပညာကို ပညာရေးတွင် ကောင်းမွန်စွာအသုံးပြုပါက လေ့လာဆည်းပူးမှုများကို အထောက်အကူပြုမည်ဖြစ်သည်။

လူငယ်များအကြားအင်တာနက်အသုံးပြုမှုကို လေ့လာကြည့်လျှင် ကမ္ဘာတစ်ဝန်းရှိ လူငယ်များ၏ ၇၁ ရာခိုင်နှုန်းသည် ကမ္ဘာ့လူဦးရေ၏ ၄၈ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ကြည့်ပါက အင်တာနက်အသုံးပြုသူများဖြစ်သည်။ ဤအသက်အရွယ်အုပ်စုတွင် အင်တာနက်အသုံးပြုသူ ရာခိုင်နှုန်းအများဆုံးမှာ ဥရောပတွင်ဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ရာ လူငယ်များအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြုရာတွင် ဒစ်ဂျစ်တယ်မီဒီယာ၏ အကျိုးကျေးဇူးများကို သိရှိထားရပေမည်။ ဒစ်ဂျစ်တယ်မီဒီယာကို ပညာရေးနှင့် လေ့လာဆည်းပူးသင်ယူမှုများတွင် ကောင်းမွန်စွာအသုံးပြုပါက သင်ယူမှုကိုမြှင့်တင်ပေးနိုင်သည်။ ထို့ပြင် ဒစ်ဂျစ်တယ်မီဒီယာသည် ကျောင်းသားများ၊ လူငယ်များအတွက် သိမှတ်ဖွယ်ရာ၊ အချက်အလက်၊ အထောက်အထားများရှာဖွေပေးရန် ကူညီပေးနိုင်သည်။ လူငယ်များ၏ ဆန်းသစ်ဖန်တီးနိုင်စွမ်းကို ဒစ်ဂျစ်တယ်နည်းပညာက မြှင့်တင်ပေးနိုင်သည်။ တစ်ဖန် ဒစ်ဂျစ်တယ်မီဒီယာသည် လူငယ်များအချင်းချင်း ဆက်သွယ်ရေးစွမ်းရည်ကို တိုးတက်စေသည်။ ဒစ်ဂျစ်တယ်မီဒီယာကို လေ့လာအသုံးချခြင်းဖြင့် ကျန်းမာရေးအသိတရားကို မြှင့်တင်ပေးနိုင်သည်။ ကျန်းမာရေးဆိုင်ရာနည်းလမ်း၊ ဗဟုသုတ၊ သိကောင်းစရာများကို ဒစ်ဂျစ်တယ်မီဒီယာမှ ရှာဖွေလေ့လာနိုင်သည်။ ထို့ကြောင့် ဒစ်ဂျစ်တယ်မီဒီယာသည် ကမ္ဘာလုံးဆိုင်ရာ သင်ယူမှုအတွက် အခွင့်အလမ်းများကို ပေးစွမ်းနိုင်ကြောင်း တင်ပြလိုက်ရပါသည်။ ။

---

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

**မာတင်ဖဲ**

"ငါ့အဖေက တစ်နေ့ကို အကြိမ်လေးဆယ် မုတ်ဆိတ်ရိတ်သကွ"

"ဘာကြောင့်လဲဟ… သူက ရူးနေသလား"

"ဟင့်အင်း… သူက ဆံပင်ညှပ်သမားလေကွာ"





ရုပ်ရှင်လုပ်ငန်းရှင်ကြီးက ဟောလိဝုဒ်မှာ အကြီးကျယ်ဆုံး ရုပ်ရှင်ရိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ပြီးတော့ ရုပ်ရှင်ကားထဲ မှာ ဘယ်ရုပ်ရှင်ကားမှ မရိုက်ဖူးသေးတဲ့ အကြီးအကျယ်ဆုံး တိုက်ပွဲခန်းပါရမတဲ့။

"ကျုပ် စစ်တပ်ကြီးနှစ်တပ် သုံးရလိမ့်မယ်။ တစ်ဖက်ဆီမှာ ကြီးမားတဲ့ နှစ်ဆယ့်ငါးထောင် အထက်ရှိပါမယ်" သူက အော်ပြောလိုက်တယ်။

"ဒါပေမဲ့ ငါးသောင်းအထက်ကို အခကြေးငွေ ဘယ်လိုပေးရမလဲ" သူ့ဒါရိုက်တာက မေးလိုက်တယ်။

"အဲဒါဟာ ငါ့ရဲ့ အကောင်းဆုံးအစီအစဉ်ရဲ့ တစ်စိတ်တစ် ပိုင်းပဲ။ ငါတို့ တကယ့်ကျည်ဆန်တွေကို အသုံးပြုရလိမ့်မယ်လေကွာ" လုပ်ငန်းရှင်ကြီးက ပြောလိုက်တယ်။




**ဖူးလီး** = "ငါဟာ သောက်ရူးပဲလို့ ဘာက မင်းကို ထင်စေတာလဲ"

**အင်ဒါဆင်** = "အင်း မနေ့က ငါကပြောတယ် 'ဟဲလို' လို့ မင်းအဖြေကို မစဉ်းစားနိုင်ခဲ့ဘူးလေ"

## မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ- ၂၁၁ အရ THE SUN ENERGY GROUP OF COMPANIES LIMITED အား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

THE SUN ENERGY GROUP OF COMPANIES LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

အစည်းအဝေးကျင်းပမည့်ရက် - ၂၀၂၅ ခုနှစ်၊ ဇွန်လ (၃၀)ရက်
အစည်းအဝေးကျင်းပမည့်အချိန် - နံနက် ၁၀:၀၀ နာရီ
အစည်းအဝေးကျင်းပမည့်နေရာ - ကုမ္ပဏီရုံးခန်း

THE SUN ENERGY GROUP OF COMPANIES LIMITED ၏ စာရင်းများကို ပြုစုဆောင်ရွက်ထားပြီး အစုရှင်များသို့ ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူလိုပါသဖြင့် ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြတာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**ဦးတင်ဝင်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(MAIP MEMBER-00230)**
**THE SUN ENERGY GROUP OF COMPANIES LIMITED**
**Liquidator Office: The Solution Power Legal Consultant and Investment Co., Ltd**
**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ (၉)လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ 09-5098942, 09-795921932**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃ )
## တွံတေးခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၁၀

ကွယ်လွန်သူ ဦးခင်ညွန့်၏ ကျန်ရစ်သောပစ္စည်းအကြောင်း။

**ဒေါ်သောင်းမြင့်** လျှောက်ထားသူ။

**အမှတ်-၆၂၊ ဗိုလ်ချုပ်လမ်း၊ အဖျောက်ကျေးရွာ၊ ကော့မှူးမြို့နယ်**နေ၊ ဒေါ်သောင်းမြင့်က ကွယ်လွန်သူ **ဦးခင်ညွန့်**၏ **ဇနီး**ဖြစ်သည်ဟူ၍ **အမှတ်-၆၂၊ ဗိုလ်ချုပ်လမ်း၊ အဖျောက်ကျေးရွာ၊ ကော့မှူးမြို့နယ်**နေ ၎င်းကွယ်လွန်သူ ဦးခင်ညွန့် ကျန်ရစ်သော ပစ္စည်းများထဲမှရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ **ဦးခင်ညွန့်** ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက် ( ၁၃၈၇ ခု၊ နယုန်လကွယ် ၁၄ ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ **ဒေါ်သောင်းမြင့်**၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအိခိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**တွံတေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၉၊ မြေကွက်အမှတ်- ၂၁၆၊ မြေကွက်တည်နေရာ အမှတ်- ၂၁၆၊ မင်းစုလမ်း၊ ၉ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဗိုလ်မှူးလွင်ဦး [၆/မအရ(နိုင်)၀၃၂၈၃၀] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ပါမစ်မူရင်း(မူရင်းတုံးမပါ)၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား မြေစာရင်းမှတ်ချက်ရှိ ဦးလွင်ဦးမှ ကန့်ကွက်ထားခြင်းနှင့်ပတ်သက်၍ ရှင်းလင်းရန် အကြောင်းကြားခဲ့ရာ ဝင်စာအမှတ်- ၉၂၁၃/၁၆-၇-၂၀၂၄ ဖြင့် အဆိုပါ မြေကွက်၌ ကျူးကျော်ဝင်ရောက်နေထိုင်သူအား ရှင်းလင်းရန် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့မရဲစခန်းမှလည်း ကျူးကျော်သူ တရားခံပြေးအား ဖယ်ရှားရှင်းလင်းအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာရုံးတွင်ရုံးတင် တရားစွဲဆိုမှုအား တရားဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ကန့်ကွက်လွှာ တင်သွင်းထားခြင်းအား ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ဂရန်သစ်လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း လျှောက်ထားသူမှ ရှင်းလင်းတင်ပြထားပါသည်။ လျှောက်ထားမှုအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် ယာဘက်ခြမ်း (၂၀'x၆၀')တွင် အုတ် Foundation ကျောက်တိုင်သံဆန်ခါခြံစည်းရိုးကာရံထားပြီး အဝီစိရေတွင်းတစ်ခုရှိပြီး အဆောက်အဦမရှိပါ။ ဝဲဘက်တွင် တစ်ထပ်ကျောက်ပြားကာ သွပ်မိုးအဆောက်အဦတစ်လုံးရှိပြီး ကွင်းဆင်းစဉ် အဝတ်များလှန်းထားသဖြင့် လူနေထိုင်သည်ဟု ယူဆရသော်လည်း ခြံသော့၊ အိမ်သော့များခတ်ထား၍ လူမတွေ့ခဲ့ပါ။ ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဦးလွင်ဦးမှ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၃၁-၅-၂၀၂၅)နေ့စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၅) တွင် **“ပြင်ဆင်ဖတ်ရှုပါရန်”**ကြော်ငြာပါ **ဒေါ်အေးအေးမော် [၈/ပခက(နိုင်)၂၂၅၄၃၆]**အစား **ဒေါ်လေးလေးမော် [၈/ပခက(နိုင်)၂၂၅၄၃၆]**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

**ဦးသိန်းညွန့် (စဉ်-၃၅၆၁) - ဒေါ်အေးမြင့်ရီ (စဉ်-၁၃၁၇၃)**
**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း ၀၉-၅၀၅၃၁၀၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ဒဂုံတက္ကသိုလ်
## (၃၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဒဂုံတက္ကသိုလ်(နေ့သင်တန်း)၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်များ၏ ၂၀၂၄ ခုနှစ်၊ မတ်လနှင့် စက်တင်ဘာလ၊ ၂၀၂၅ ခုနှစ်၊ မတ်လနှင့် မေလများတွင် ကျင်းပခဲ့သော မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့နှင့် ဒဂုံတက္ကသိုလ်(အဝေးသင်သင်တန်း)မှ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ကျင်းပခဲ့သော ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို ၂၀၂၅ ခုနှစ်၊ ဇွန်လ (၁၆)ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့ထိ တင်သွင်းလျှောက်ထားနိုင်ပါသည်။ ယခင်နှစ် များက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဒဂုံတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာနစိတ်နှင့် အဝေးသင် သင်တန်းဘွဲ့နှင်းဌာနစိတ်တို့တွင် ရယူလျက် မကြာသေးမီက ရိုက်ကူးထားသော (၁.၅x၂)လက်မအရွယ် ဆေးသားကောင်းမွန်သည့် ခါတ်ပုံအသစ် (၂)ပုံ [အမျိုးသမီးများ မြန်မာအမျိုးသမီးဝတ်စုံ၊ အမျိုးသားများ မြန်မာအမျိုးသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်]၊ နိုင်ငံသား စိစစ်ရေးကတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူတို့ကိုပူးတွဲ၍ လျှောက်ထားရမည်။ ဤတက္ကသိုလ်မှ ယခင်ဘွဲ့ရပြီးပါက ဘွဲ့လက်မှတ်မိတ္တူကို တစ်ပါတည်း ယူဆောင်လာရမည်။

၃။ ဘွဲ့နှင်းသဘင် တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်ယူမည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက အဝေးရောက်ဘွဲ့လက်မှတ်များနှင့်အတူ ဘွဲ့နှင်းသဘင်ကျင်းပပြီးသည့်နေ့မှစ၍ (၆)လကြာမြင့်ပြီးမှသာ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၄။ ဘွဲ့နှင်းသဘင်ပုံစံတင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်း သဘင်ကြေး ၁၅၀၀၀/-ကျပ် (ကျပ်တစ်သောင်ငါးထောင်တိတိ) ပေးသွင်းကြရမည်။ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ၁၀၀၀၀/-ကျပ် (ကျပ်တစ်သောင်းတိတိ)ပေးသွင်းကြရပါမည်။

**(သန်းစိုးဦး)**
**(ဌာနမှူး၊ သင်တန်းရေးရာ)**
**ဒဂုံတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၄/ကံဘဲ့)၊ မြေကွက်အမှတ်-(၂၆/ခ)၊ (အရပ်ခေါ်) ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၆) ဟုခေါ်တွင်သော မြေနေရာပေါ်၌ ဆောက်လုပ်ဆဲဖြစ်သော Royal Einzali Condo ၏အခန်းအမှတ်(၃၁၀)၊ အကျယ်အဝန်း (၁၅၃၀.၉)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းနှင့်ပတ်သက်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်ခင်ချိုအေး [၁၂/မဂတ(နိုင်)၀၆၅၄၆၇]မှ မိမိသာပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ပြီး ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမြင့် [၁၂/အစန(နိုင်)၀၇၇၁၆၂]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်စုထွေးလတ်** |
| **(LL.B,D.B.L,D.I.L,D.M.L)** | **(LLB,LLM,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၅၃၇)** | **(စဉ်-၅၂၈၉၆)** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၉၈၉၄၂၊ ၀၉-၂၀၃၉၀၄၁**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ် (၉၀၂)၊ ဧရိယာ(၀.၀၆၂) ဧကရှိ ဒေါ်လှလှမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ် (၉၀၂)၊ မဟာဗန္ဓုလလမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သောနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်လှလှဝင်း [၁၁/မပန(နိုင်)၀၀၃၅၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| **ဦးဝဏ္ဏဇော် (စဉ်-၉၇၈၀)** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ် (စဉ်- ၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်-၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း (စဉ်- ၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)** |

**အမှတ် (၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း- ၀၉-၄၃၁၃၃၉၉၀၊ ၀၉-၅၁၈၁၁၈၅**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအောင်ကျော်ကျော်မိုး၏သား မောင်သူရ[၁၂/ဗတထ(နိုင်)၀၄၅၉၅၆]ကိုင်ဆောင်သော BST Certificate No. 102212/25 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-268690035**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးစိုးလေး၏ သား မောင်ပိုင်အေး [၁၂/စခန(နိုင်)၀၇၅၇၇၈]၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံး / ပျက်စီးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၉၂၇၂၉၉၄**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ မောင်ကောင်းစစ်သွေး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဖြိုး [၁၂/လမန(နိုင်)၁၈၅၆၆၅]ဖြစ်ပါကြောင်း။

**ဦးအောင်ဖြိုး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်း၊ ကံ့ကော်ရိပ်သာ (၁)ရပ်ကွက်၊ ကံ့ကော်ရိပ်သာ (၃)လမ်း၊ မြေကွက်အမှတ် (၁၉၂) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဇေကမ္ဘာကုမ္ပဏီလီမိတက် အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၁၀၀x၁၀၀)ပေ၊ ဧရိယာ (၀.၂၂၉)ဧက၊ (၁၀၀၀၀)စတုရန်းပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိ ဆက်စပ်စာချုပ်များဖြင့် ဦးမျိုးနိုင် [၃/ကကရ(နိုင်)၀၁၃၉၀၄] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးရန်နောင်ဝင်း [၇/ပမန(နိုင်)၁၀၇၅၁၃] ကိုင်ဆောင်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေ ဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးရန်နောင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၉/က+၃၉၇)၊ လူနေရပ်ကွက်အမှတ် (ရွာမအရှေ့)၊ သီရိမင်္ဂလာလမ်း၊ မြေကွက်အမှတ် (၉၇/D+၉၈/G) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမျိုးအောင်၊ ဦးလိုက်ဘာဒူး(ခ)ထွန်းထွန်းနှင့် ဦးငွေဝင်းအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၀.၃၅၈)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးမျိုးအောင် [၁၂/ကမရ(နိုင်)၀၃၆၆၁၅]၊ ဦးလိုက်ဘာဒူး(ခ)ထွန်းထွန်း [၉/မကန(နိုင်) ၀၁၃၃၁၀]နှင့် ဦးငွေဝင်း [၉/မရမ(နိုင်)၀၇၂၃၄] ကိုင်ဆောင်သူတို့မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၉/က+၃၉၇)၊ လူနေရပ်ကွက်အမှတ် (ရွာမအရှေ့)၊ သီရိမင်္ဂလာလမ်း၊ မြေကွက်အမှတ် (၉၈/F)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမျိုးအောင်၊ ဦးလိုက်ဘာဒူး(ခ)ထွန်းထွန်းနှင့် ဦးငွေဝင်းအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၀.၃၁၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးမျိုးအောင် [၁၂/ကမရ(နိုင်)၀၃၆၆၁၅]၊ ဦးလိုက်ဘာဒူး(ခ)ထွန်းထွန်း [၉/မကန(နိုင်)၀၁၃၃၁၀]နှင့် ဦးငွေဝင်း [၉/မရမ(နိုင်)၀၇၂၃၄] ကိုင်ဆောင်သူတို့မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ ကွင်းအမှတ် (၉၈၈/ခ)၊ သာယာကုန်းကွင်း၊ ဦးပိုင်အမှတ် (N/၄)၊ ဒေါ်မြင့်မြင့်တင်အမည်ပေါက် မြေခွန်ပြေစာထွက်ရှိထားသော G မြေအမျိုးအစား ဧကကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀x၅၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးချစ်ငွေ [၁၂/လမန(နိုင်)၀၃၄၉၂၃] ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်ညီညီ [၉/နထက(နိုင်)၁၆၄၃၆၀]နှင့် ဒေါ်သူဇာလွင် [၁၂/ရပသ(နိုင်) ၀၇၈၉၃၁]တို့မှ **အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက် အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း** ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေများဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ညီညီနှင့် ဒေါ်သူဇာလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀)၊ လူနေရပ်ကွက်အမှတ်(၂)၊ မြသီတာလမ်း၊ မြေကွက်အမှတ် (၂၉/A) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မေဝင်းလွင်အမည်ဖြင့် မှတ်သားတည်ရှိသော ဧရိယာ (၀.၁၃၉)ဧက၊ (၆၀၆၀)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မေဝင်းလွင် [၉/ပမန(နိုင်)၀၉၈၆၄၂] ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်လွင်ငြိမ်း [၉/ကပတ(နိုင်)၁၇၁၁၁၀]မှ **အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း** ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်လွင်ငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ ကွင်းအမှတ် (၉၈၈/ခ)၊ သာယာကုန်းကွင်း၊ ဦးပိုင်အမှတ် (N/၄)၊ ဒေါ်မြင့်မြင့်တင် အမည်ပေါက် မြေခွန်ပြေစာထွက်ရှိထားသော G မြေအမျိုးအစား ဧကကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀x၅၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ထွဋ် [၁၂/အစန(နိုင်)၀၆၂၀၆၀] ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်ညီညီ [၉/နထက(နိုင်)၁၆၄၃၆၀]နှင့် ဒေါ်သူဇာလွင်[၁၂/ရပသ(နိုင်)၀၇၈၉၃၁]တို့မှ **အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း** ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေများဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ညီညီနှင့် ဒေါ်သူဇာလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ မြေကွက်အမှတ်(၂၁/၆၅၅-က)၊ လူနေရပ်ကွက်အမှတ်-၂၁၊ သိမ်ချောင်းရှမ်းလမ်း၊ အမှတ် (၆၅၅-က) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ ပေx ၆၀ ပေ) ရှိ ဦးအောင်မင်းအမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖြူသွင်ဦး [၁၂/ဒပန(နိုင်)၀၄၀၆၅၁] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာခြည်ဝင်း [၁၂/သကတ(နိုင်)၁၂၆၆၁၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်စိုးဝင်း** — **ဒေါ်နှင်းသီတာဖြိုး**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၅၃)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၂၀)**

**အမှတ် (၁၃၃)၊ အခန်း (၄၀၅)၊ စက်ရုံလမ်း၊ လမင်းသာယာကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၅၄၁၆၇၃၅**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၄/ကံဘဲ့)၊ မြေကွက်အမှတ်-(၂၆/ခ)၊ (အရပ်ခေါ်) ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၆)ဟုခေါ်တွင်သော မြေနေရာပေါ်၌ ဆောက်လုပ်ဆဲဖြစ်သော Royal Einzali Condo ၏ အခန်းအမှတ်(၃၀၉)၊ အကျယ်အဝန်း(၁၅၃၀.၉) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းနှင့်ပတ်သက် စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်ခင်ချို အေး [၁၂/မဂတ(နိုင်)၀၆၅၄၆၇]မှ မိမိသာပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ပြီး ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိဝင်းမောင်[၁၂/ဥကတ(နိုင်)၁၆၉၁၀၆]၏**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမင်းမင်းသိမ့်** — **ဒေါ်စုထွေးလတ်**

**(LL.B,D.B.L,D.I.L,D.M.L)** — **(LL.B,LL.M,D.B.L)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** — **အထက်တန်းရှေ့နေ(စဉ်-၅၂၈၉၆)**

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၂၀၃၉၀၄၁**

## (၄-၆-၂၀၂၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ ကြော်ငြာစာမျက်နှာ-၂၅ ပါ ဒေါ်ခင်လေးငယ်၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးစုရတ်ကူးမား [၁၂/သဃက(နိုင်)၀၂၀၇၈၂] ၏ အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ အလံပြဘုရားလမ်း၊ အမှတ်-၃၉၊ အခန်း(၂၀၂)၊ United Condo ပထမထပ်နေ ဦးကျော်မင်း[၁၂/ဗဟန(နိုင်)၀၀၃၂၉၄] (ဦးဇော်မင်းအောင်၊ ဦးမင်းမင်း တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ)၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်-

ဦးစုရတ်ကူးမား၏ "အများသိစေရန်ကြေညာခြင်း"ခေါင်းစဉ်တွင်ပါရှိသော မြင်းခြံမြို့ရှိ ဒေါ်တီ ပါ(၃) အမည်ပေါက် ဘိုးဘွားပိုင်မြေ (၅)ကွက်စလုံးသည် ယခင်က ဦးမောင်မောင်(ခ)စီအမ်စုရတီ အမည်ပေါက်ဖြစ်ပြီး (၁၈-၉-၁၉၈၀)၌ ၎င်းကွယ်လွန်သွားသဖြင့် ပထမဇနီး ဒေါ်တီက သမီးဒေါ်ခင်လေးကြီးနှင့် ဒေါ်ခင်လေးငယ်အပါအဝင် (၃)ဦးအမည်ပေါက်သို့ ပြောင်းလဲခဲ့ပြီးနောက် ဒေါ်ခင်လေးငယ်ထံသို့ စွန့်လွှတ်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးကျော်မင်းနှင့် ညီအစ်ကိုဖြစ်သော ဦးဇော်မင်းအောင်၊ ဦးမင်းမင်းတို့၏ မိခင် ဒေါ်ခင်သန်း ၏ညီမအရင်းဖြစ်သူ ဒေါ်ခင်တင့်(ခ)ဒေါ်တင့်တင့်ဝင်း၊ ဦးမောင်မောင်ကျော်တို့က ဒေါ်တီ၊ ဒေါ်ခင်သန်းတို့အား ရန်ကုန်တိုင်းတရားရုံးတွင် တရားမကြီးမှုအမှတ်-၁၂၂/၁၉၉၄ ၌ အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့ပြီး ပဏာမဒီကရီအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တရားမအထူးအယူခံမှုအမှတ်-၃၉/၂၀၀၃ နှင့် ၄၀/၂၀၀၃ တို့ကို တက်ရောက်ခဲ့ရာ (၁၇-၁၀-၂၀၀၃)ရက်နေ့တွင် "ဒေါ်ခင်တင့်(ခ)ဒေါ်တင့်တင့်ဝင်းသည် မိခင် ဒေါ်ခင်ကြည်၏ အမွေဝေစုဖြစ်သည့် ဦးမောင်မောင်နှင့် ဒေါ်တီတို့၏ လက်ထက်ပွားပစ္စည်း(ရှိလျှင်)၃/၇ပုံ၊ ဒေါ်ခင်ကြည်နှင့် ဦးမောင်မောင်တို့ပေါင်းသင်းစဉ် ဖြစ်ထွန်းသည့် လက်ထက်ပွားပစ္စည်း(ရှိလျှင်)၃/၂ပုံ တို့အား တရားပြိုင် ဒေါ်ခင်သန်းနှင့် ထက်ဝက်စီခွဲဝေယူရန်" ပဏာမဒီကရီချမှတ်ခဲ့ရာ အထက်ပါမြေကွက်(၅)ကွက်သည် ဦးမောင်မောင်၊ ဒေါ်တီတို့၏ လက်ထက်ပွားပစ္စည်းများဖြစ်၍ ယင်းပစ္စည်းများ၏ ၃/၇ ပုံကို ကျွန်ုပ်မိတ်ဆွေနှင့် ညီအစ်ကို(၂)ဦးက အမွေပုံပစ္စည်းအဖြစ် ခံစားခွင့်ရှိသောကြောင့် သင်္ဃန်းကျွန်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ်-၆၄/၂၀၂၄ ၌ အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုထားသဖြင့် ဒေါ်ခင်လေးငယ်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်းနှင့် အခြားနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကျော်သောင်း**

**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၉၂၇၉/၂၀၁၃)**

**ဖုန်း-၀၉-၄၃၁၃၈၅၆၄၊ ၀၉-၇၇၀၆၆၆၁၂၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅) သန်လျင်ခရိုင်တရားရုံးတော်၌ ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁

ဦးစိုးသူရဟိန်း — နှင့် — ၁။ ဒေါ်သိင်္ဂီဇော်
၂။ ဒေါ်အေးသိင်္ဂီလွင်

**တရားလို** — **တရားပြိုင်များ**

အမှတ် ( - )၊ ဧရာဝတီမုန့်ဆိုင်၊ ခွာညိုလမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရပ်နေ တရားပြိုင် ဒေါ်သိင်္ဂီဇော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လိမ်လည်အတုပြုလုပ်ထားသော အရောင်းအဝယ်စာချုပ်အား ဖျက်သိမ်းပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်)နေ့ မွန်းမတည့်မီ နံနက် (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကိုကို)**

**ဒုတိယခရိုင်တရားသူကြီး(၄)**

**သန်လျင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) မရမ်းကုန်းမြို့နယ်တရားရုံးတော်၌ ၂၀၂၅-ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂

ဦးနီထွန်းဦး ------ **တရားလို**

နှင့်

ဦးစံလှဦး ------ **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂) ရပ်ကွက်၊ ပေါ်ဦး(၅)လမ်း၊ အမှတ်-(၆၀၁)နေ တရားပြိုင်ဦးစံလှဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "မြေကွက်နှင့်နေအိမ်အရောင်းအဝယ် ပဋိညာဉ်စာချုပ်ပါအတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇွန်လ (၁၆) ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆုတ် ၆ ရက်)နေ့ မွန်းမတည့်မီ နံနက် ၁၀ နာရီ အချိန်တွင် အထက်အမည်ပါ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နွေဦးခင်)**

**တွဲဖက်မြို့နယ်တရားသူကြီး(၂)**

**မရမ်းကုန်းမြို့နယ်တရားရုံး**

## အများသိရှိစေရန်ကြေညာခြင်း

ဦးချိုတူးဘိုင် [၁၀/မလမ(နိုင်)၁၈၆၅၆၄] နှင့် ဦးမာမက်ဂျီဝါး(ခ)မာမက်ဘိုင် (MME-၆၀၂၄၇၂) တို့ကလည်းကောင်း၊ ဦးသန်းဝင်း [၁၀/မလမ(နိုင်)၁၈၂၀၄၆]၊ ဒေါ်ခင်သန်းနွယ် (MME-၆၆၁၆၁၇)၊ ဒေါ်နီလာသန်း(MME-၆၂၁၀၄၁) တို့ကလည်းကောင်း၊ ဦးကျော်စိုးဦး [၁၀/မလမ(နိုင်)၂၃၂၉၈၃]အား လွှဲအပ်ပေးထားကြသည့် မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထွေထွေကိုယ်စားလှယ်လွှဲအပ်စာ မှတ်ပုံတင်အမှတ် (၄၈၄/၂၀၁၉ နှင့် ၄၈၇/၂၀၁၉)တို့အား (၁၁-၆-၂၀၂၅) ရက်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးနေဝင်း**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၅၇)**

**အမှတ် (၆၈၀)၊ အောက်လမ်းမကြီး၊ မောင်ငံရပ်၊ မော်လမြိုင်မြို့။**

**ဖုန်း-၀၉-၅၃၂၃၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၃၄)၊ ဒေလီယာပန်းလမ်း၊ မြေကွက်အမှတ်(၆၇၅)၊ ဒေါ်လှမြိုင် (ISN-094011) အမည်ပေါက် မြေချပါမစ်(မူရင်း) ဧရိယာအကျယ်အဝန်း (၄၀ x ၆၀) ပေ အနက်မှ ဧရိယာအကျယ်အဝန်း(၂၀x၆၀)ပေ (ခြေရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်အေး [၈/ပခက(နိုင်)၁၇၄၉၆၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းလှိုင်ထွန်း [၁၂/ဒဂမ(နိုင်)၀၁၂၆၃၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အကြောင်းအရာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မျိုးမမစိုး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၁၈)**

**အမှတ်(၁၉၀)၊ စိန်ပန်းမြိုင်လမ်း၊ ၁၃၆- ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-09-261818180၊ 09-696628838**

## "တစ်ဦးတည်းဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်မိတ်ဆွေဖြစ်သူ မခြူးရတနာ(ခ)မချူးရတနာ(ဘ) ဦးဝင်းကျော် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၆/ကသန(နိုင်)၀၈၂၇၄၀] ကိုင်ဆောင်သူသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းတို့တွင် မခြူးရတနာဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်စာရင်းတွင် မချူးရတနာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မခြူးရတနာ(ခ)မချူးရတနာ၏ အမည်နှစ်မျိုးလုံးမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**မခြူးရတနာ(ခ)မချူးရတနာ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မင်းမင်းစိုး LL.B**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၁၄)**

**ရှေ့နေများရုံးခန်း၊ သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်မင်္ဂလာလမ်း၊ အောင်သိဒ္ဓိရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၆၉၂၂၅၉၄၅၇၊ ၀၉-၇၅၀၁၁၁၀၉၅**

## မွေးသက္ကရာဇ်အမှန်

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၁)ရပ်ကွက်၊ အမှတ်-၂၆၈၊ ဇေယျာသိဒ္ဓိလမ်းနေ (အဖ) ဦးတင်စိုး၏ သမီးဖြစ်သူ မမြတ်မြတ်စိုး [၁၄/ညတန(နိုင်)၁၄၈၈၉၂] ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၁-၂-၁၉၉၀) ဖြစ်ပါကြောင်း။

**သာလွန်ကျော်အိမ်ခြံမြေ ရောင်းဝယ်ရေး**

**ဒဂုံလေးမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်သည်။**

**09-261119599**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ(၁၈)လမ်း၊ အမှတ်-၂၁/က (ဒုတိယထပ်)တိုက်ခန်းအား (၁၁-၃-၂၀၁၈)ရက်နေ့တွင် မိခင်ဖြစ်သူ ဒေါ်သန်းသန်းငြိမ်းနှင့် သမီးဖြစ်သူ ဒေါ်အိသန္တာတို့မှ တစ်ယောက်တစ်ဝက်ထည့်၍ ရောင်းသူ ဦးသက်အောင်ထံမှ တိုက်ခန်းအရောင်းအဝယ် သဘောတူကတိစာချုပ်ကို ချုပ်ဆိုရာ ဝယ်သူနေရာ၌ မိခင်ဖြစ်သူ ဒေါ်သန်းသန်းငြိမ်း [၁၂/ဗတထ(နိုင်)၀၀၄၂၀၄] အမည်ဖြင့် ဝယ်ယူခဲ့ပြီး ၎င်းတိုက်ခန်းမှာ ဒေါ်သန်းသန်းငြိမ်းတစ်ဝက်သာ ပိုင်ဆိုင်ခဲ့သည့် တိုက်ခန်းဖြစ်ပါသည်။ ၎င်းပိုင်ဆိုင်သည့် တိုက်ခန်းတစ်ဝက်အား ဦးနေဦး(ဘ)ဦးတင်အောင် [၉/ရမသ(နိုင်)၀၈၄၁၇၆]နှင့် ဒေါ်အိသန္တာ(ဘ)ဦးမြင့်သိန်း [၁၂/ဗတထ(နိုင်)၀၃၅၄၆၈]တို့ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေများမှ (၁၀-၆-၂၀၂၅)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူခဲ့ပြီး လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါတိုက်ခန်း(၁)ခန်းလုံးအား ကျွန်ုပ်၏မိတ်ဆွေများကသာ အပြီးအပိုင် လက်ရောက်ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေဦး၊ ဒေါ်အိသန္တာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဥမ္မာထွေး (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၅၀)**

**အမှတ်(၉/၁၁)၊ ၂၀၂/E၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၄၃၁၃၇၆၇၃၊ ၀၉-၉၈၀၀၅၆၅၅၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/၃( သကတ-၃)၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၂၁၇)၊ အောင်ချမ်းသာလမ်း၊ ဦးအောင်ဟိန်းထက်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်၊ (၆၀x၅၀)ပေ၊ ဧရိယာ(၀.၀၆၈)ဧကအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက် ဦးအောင်ဟိန်းထက် [၁၂/လမန(နိုင်)၁၄၅၈၉၉])ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန် အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် အိမ်အဆောက်အဦအရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းမာလာ (LL.B)** — **ဦးဉာဏ်လင်းအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၅၀)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၁၅)**

**အမှတ်-၂၈၇/က၊ စပ်စံထွန်းလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉- ၄၄၃၁၆၀၄၈၀၊ ၀၉-၄၄၉၉၂၈၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၆/အဆင့်မြင့်)၊ မြေကွက်အမှတ်-(၈၉၉)၊ ဧရိယာ(၀.၁၁ဧက)အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၈၉၉)၊ ပင်လုံလမ်း၊ ၃၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လီစင်လှ(ခ)ဒေါ်လှလှ [၁၃/လရန(ဧည့်)၀၀၀၃၁၀] မှတရားဝင်ဝယ်ယူခဲ့ပြီး လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သီရိနန္ဒာဝင်းနွဲ့ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၂၇)**

**အမှတ်(၁၂)၊ ဘုရင့်နောင်(၁၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၂၀၄၂၀၈၇၁၊ ၀၉-၇၉၉၂၃၀၀၃၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်း/မြောက်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၈၁)ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊ ခတ်လှေကားပါ (၈)ထပ်တိုက်၏ ဒုတိယထပ်(၃-လွှာ)၊ (ခြေရင်းခန်း)၊ (တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်အခန်း)၊ အကျယ်အဝန်း(၁၀၅၀)စတုရန်းပေရှိ RC တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် ဦးကျော်ကျော်လေး(ကန်ထရိုက်တာ)(မိုးဆောက်လုပ်ရေး) ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင် လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူဒေါ်ချိုချိုမြင့် [၁၂/ဗဟန(နိုင်)၀၄၅၆၂၄] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စိုးစိုးမြင့်** — **ဒေါ်အိဖြိုးဇင်**

**LL.B (စဉ်-၁၀၀၆၃)** — **LL.B, DBL (စဉ်-၁၅၉၇၅)**

**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**ဖုန်း-၀၉-၄၂၁၀၃၅၉၆၃** — **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀**

**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၆၉၂/က)၊ အကျယ်အဝန်း (အလျား၂၀ပေ x အနံ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဘယသကြံန်လမ်း၊ အမှတ်(၆၉၂/က)ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင် အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်မောင်ငွေး[၁၂/တမန(နိုင်)၀၁၆၃၉၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မြလှဲ့ဝင်း(L.L.B)** — **ဒေါ်အေးအေးသိန်း(B.A, PGDL)** — **ဒေါ်စန်းမြသက်(B.Sc, PGDL)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂)** — **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)** — **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)**

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပစ္စည်းဝယ်ယူခြင်းနှင့်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီ/မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- မိုဘိုင်းစခန်း(၁၈)ခုတွင် ပါဝါစနစ်အဆင့်မြှင့်တင်ခြင်း(လစ်သီယံဘက်ထရီနှင့်ပါဝါပိုင်းဆိုင်ရာဆက်စပ်ပစ္စည်းများမိုဘိုင်းစခန်းအရောက် သယ်ယူပို့ဆောင်တပ်ဆင်ခြင်း)လုပ်ငန်း။
- ပင်မဆက်သွယ်ရေးစခန်းများအတွက်ဘက်ထရီများဝယ်ယူခြင်း/ပို့ဆောင်တပ်ဆင်ခြင်းလုပ်ငန်း။
- မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် ကောင်းကင်ကေဘယ် (ကော့ပါး/ဖိုင်ဘာ)မှ မြေအောက် ကေဘယ်များအဖြစ် ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်း။
- ပင်မဖိုင်ဘာဆက်ကြောင်း(၅)နေရာတွင် ဖိုင်ဘာအစားထိုး ပြုပြင်ခြင်း၊ ဖိုင်ဘာချခင်းခြင်းလုပ်ငန်း။ (စုစုပေါင်း-၆၈.၂ ကီလိုမီတာ)
- မိုဘိုင်းစက်ခန်း (၁၅၀)တွင် အင်ဂျင်များအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း။ (Turnkey)

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်/အချိန် - (၆-၆-၂၀၂၅)ရက်/(ရုံးချိန်အတွင်း)

၃။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် - (၂၄-၆-၂၀၂၅)ရက်/(၁၆:၀၀)နာရီအထိ

၄။ တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ - ဝယ်ယူရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အမှတ်(၄၆၅/၄၆၉)၊ မဟာဗန္ဓုလလမ်း၊ (မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

၅။ တင်ဒါဖွင့်မည့်နေ့ရက်နှင့်အချိန် - ထပ်မံအသိပေးသွားပါမည်။

၆။ တင်ဒါလျှောက်လွှာပုံစံဝယ်ယူရန်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဝယ်ယူရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်-၀၉-၄၅၀၀၀၀၉၇ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၇။ သတ်မှတ်ရက်ထက်နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(ဏ/၄၀)၊ ဝေသန္တရာလမ်း၊ မြေကွက်အမှတ်(၇၂၅/က)၊ (၂၀ ပေx ၆၀ ပေ)အကျယ်ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးဟံထွန်း(ခ) ဦးဟန်ထွန်းအမည်ဖြင့် ချထားပေးသည့် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမျိုးမင်းထက် (ဘ)ဦးအောင်မြ[၁၂/ထတပ(နိုင်)၁၅၅၄၂၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင်စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအိမ်နှင့်မြေအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူမြတ်သွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၇၇/၂၀၁၃)**
**(ရုံးခန်း)သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၁၃၂၆၄၇**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၅၀ နှင့် ဆက်နွှယ်သည့်
## ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၅၈

၁။ ဒေါ်သောင်းသောင်းနု နှင့် ဦးကျော်ဝင်း
၂။ ဒေါ်အေးအေးမော်

**ဒီကရီအနိုင်ရသူများ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ်(၂၄)နေ တရားရှုံးဦးကျော်ဝင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ခုနှစ်၊တရားမကြီးမှုအမှတ်-၄၅၀ တွင်ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သောင်းသောင်းနု၊ ဒေါ်အေးအေးမော်တို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ်အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်)နေ့ မွန်းမတည့်မီ (၉:၃၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(သီတာနွယ်)**
**ခရိုင်တရားသူကြီး**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီ/မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လျှပ်စစ်မီးရရှိရေး ထရန်စဖော်မာတည်ဆောက်ခြင်းနှင့် လိုင်းတည်ဆောက်ခြင်းလုပ်ငန်း

- မိုဘိုင်းစခန်း(၅)ခုတွင် လျှပ်စစ်မီးရရှိရေးအတွက် 50kVA,11-6.6/0.4 Transformer တည်ဆောက်ခြင်း၊ 11KVA လိုင်းတည်ဆောက်ခြင်း။

(ခ) Single Phase မှ 3 Phase သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း

- မိုဘိုင်းစခန်း(၇)ခုတွင် 400V LT(Low Tension/Low Voltage) လိုင်းတည်ဆောက်ခြင်း။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်/အချိန် - ( ၆- ၆ -၂၀၂၅)ရက်/(ရုံးချိန်အတွင်း)

၃။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် - (၂၄ - ၆ -၂၀၂၅)ရက်/(၁၆:၀၀)နာရီအထိ

၄။ တင်ဒါပုံစံရောင်းချမည့်နေရာနှင့်တင်ဒါတင်သွင်းရမည့်နေရာ - ဝယ်ယူရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အမှတ်(၄၆၅/၄၆၉)၊ မဟာဗန္ဓုလလမ်း၊ (မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ တင်ဒါဖွင့်မည့်နေ့ရက်နှင့်အချိန် - ထပ်မံအသိပေးသွားပါမည်။

၆။ တင်ဒါလျှောက်လွှာပုံစံဝယ်ယူရန်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဝယ်ယူရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် ၀၉-၄၅၀၀၀၀၉၇ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၇။ သတ်မှတ်ရက်ထက်နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၅၄)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်-၄၂၀(က)၊ အကျယ်အဝန်း(အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ပပ[၁၂/စခန(နိုင်)၀၆၈၆၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထွဋ်အောင် LL.B(Q)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၀၆၀၈(၃၀-၄-၂၀၁၅)**
**အမှတ်(၄၆)၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၄၈၉၈၉၇၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ လာဝတီကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်- ၃၈၆(စလူစမ်းအရှေ့)၊ ဦးပိုင်အမှတ်(ခ/၇၀/၂)၊ ဧရိယာ(၅.၇)ဧကရှိ ဥယျာဉ်ခြံမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးသိန်းဝင်း (ဘ) ဦးသန်းမောင်လေး (၁၂/ကမန(နိုင်)၀၄၃၄၉၉)၊ ဦးဟန်မြင့်ထွန်း (ဘ) ဦးမြင့်အောင် (၁၂/အစန(နိုင်)၁၅၀၂၆၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၁၀-၆-၂၀၂၅) ရက်နေ့က ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်၊ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက် ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်၊ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ချို(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၃၀၈၈၅၄၉

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ လာဝတီကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်- ၃၈၆(စလူစမ်းအရှေ့)၊ ဦးပိုင်အမှတ်(၇၁/၂)၊ ဧရိယာ(၉.၅၃)ဧက + (၁.၁)ဧကရှိ ဥယျာဉ်ခြံမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်သိန်းရွှေ (ဘ) ဦးအို (၁၂/ကမန(နိုင်)၀၀၂၇၅၄)၊ ဒေါ်ခင်နိုင် (ဘ) ဦးမောင်ကျောင်း (၁၂/ကမန(နိုင်)၀၁၃၀၄၁)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၁၀-၆-၂၀၂၅) ရက်နေ့က ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်၊ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက် ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်၊ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ချို(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၃၀၈၈၅၄၉

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ၊ မြေကွက်အမှတ်-၁၁၅၊ မြေဧရိယာ(၀.၄၇၁)ဧကရှိ နှစ်(၆၀)မြေငှားဂရန်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ၊ မြေကွက်အမှတ်-၁၁၆၊ မြေဧရိယာ(၀.၄၅၉)ဧကရှိ နှစ်(၆၀)မြေငှားဂရန်တို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျင်ရှိတ်ထံမှ မြေနှင့်တကွအကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်သဖြင့် အဆိုပါမြေကွက်များနှင့်အဆောက်အဦအပေါ်တွင် ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆိုသည် ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာပါရှိသည့် ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန္ဒာသောင်း LL.B, DBA, M.B.A တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၈၄)**
**အမှတ်(၉၂) ၊ မင်္ဂလာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၁၇၉၄**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ (၁၅)နယ်မြေ၊ ဓမ္မာရုံလမ်း၊ အမှတ်(၁၅/၄၉)ရှိ မြေဧရိယာ အလျား(၂၇. ၅)ပေxအနံ(၇၀)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်ကျင်ကျင်လှ (ဘ)ဦးမြတ်သင်း[၁၂/သလန(နိုင်)၀၅၆၇၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မူဝင်း (ဘ)ဦးဘဆင်[၁၂/ပဘတ(နိုင်)၀၀၉၃၂၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်း၊ အရောင်းအဝယ် စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မူဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၁၈၅၁၆၇**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ စိုက်ပျိုးရေးလမ်းသွယ်၊ အမှတ်(၇၁)၊ အကွက်အမှတ်(၂၇)၊ ကျိုက်ဖောခိတောင်ကွက်၊ ဦးပိုင်အမှတ်(၅၂/က/၁)၊ ဒေါ်လွန်းမေ အမည်ပေါက် မြို့မြေထဲမှ မြေဧရိယာ အလျား(၆၀)ပေxအနံ(၄၀)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်ခင်စောမူ(ဘ)ဦးသောင်းလွင်[၁၂/သလန(နိုင်)၀၀၆၉၂၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အိအိခိုင်(ဘ)ဦးကျော်စိုး[၁၂/ဒပန(နိုင်)၀၅၈၁၆၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ် စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိခိုင် ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၁၈၅၁၆၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

**ASIA KING POWER COMPANY LIMITED (Company Registration No. 119493366)** သည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၈)ရက်နေ့တွင် အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သောကုမ္ပဏီအဖြစ် မှတ်ပုံတင်ခွင့်ပြုချက်ရရှိထားပြီး အစုရှယ်ယာရှင် (၁)ဦး၊ ဒါရိုက်တာအဖွဲ့ဝင် (၃)ဦးဖြင့် ဖွဲ့စည်းထားသည့် "နောက်တွဲယာဉ်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း" ကို လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီဖြစ်ပါသည်။ ယခုအခါ ၎င်းအစုရှယ်ယာရှင် နှင့် ဒါရိုက်တာအဖွဲ့ဝင် (၃)ဦးတို့သည် ကုမ္ပဏီမှ နုတ်ထွက်ပြီး ကုမ္ပဏီတွင်ရှိသော အစုရှယ်ယာများကို ရှယ်ယာရှင်အသစ်ဖြစ်သော ဦးထွန်းထွန်းဦး [၁၂/တကန(နိုင်)၁၀၆၈၆၅]ထံသို့ လွှဲပြောင်းမည်ဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သွားပါက ဥပဒေနှင့်အညီကုမ္ပဏီ၏အစုရှယ်ယာလွှဲပြောင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ASIA KING POWER COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစန်းဝင်း B.A.,D.A.,H.G.P.,R.L** **ဒေါ်ခိုင်ဆုဝေ LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၄၆၆/၁၈-၁၁-၁၉၈၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၈၁/၂၉-၁၂-၂၀၁၇)**
**၈၅၊ မြေညီထပ်၊ ၄၄လမ်း၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၁၉၁၅၅၊ ၀၉-၅၁၈၄၈၂၃**

## စာရွက်စာတမ်းများပျောက်ဆုံးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမိုးဇော်စိုး[၁၂/အစန(နိုင်)၁၄၉၂၃၀]၊ အမှတ်(၁၀၇)၊ စိတ္တသုခလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြား ကြေညာခြင်းပြုအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမိုးဇော်စိုး ဝယ်ယူပိုင်ဆိုင်ထားသည့်အောက်ဖော်ပြပါစာရွက်စာတမ်းများသည် (၁-၆-၂၀၂၅)နေ့တွင်ပျောက်ဆုံးသွားပါသည်-

(၁) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ အထက်စီးတီး၊ အနောက်ကျေးရွာအုပ်စု၊ ဘုရားသုံးဆူအရှေ့ကွင်း၊ ကွင်းအမှတ်(၆၂၇)၊ ဦးပိုင်အမှတ်-၁၅/၁၊ (၂.၀၄)ဧကအတွက် ဒေါ်ခင်ဌေးအမည်ဖြင့် ထုတ်ပေးထားသည့် မြေစာရင်းပုံစံ - ၁၀၅ စာရွက်၏မူရင်း (၁)စောင်။

(၂) ဒေါ်ခင်ဌေးအမည်ဖြင့် ထုတ်ပေးထားသော ဦးပိုင်အမှတ်-၁၅/၁၊ ဘုရားသုံးဆူအရှေ့ကွင်း၊ ကွင်းအမှတ်(၆၂၇)၊ အထက်စီးတီး၊ အနောက်ကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးခရိုင်၊ ပဲခူးတိုင်းဒေသကြီးဟုဖော်ပြထုတ်ပေးထားသော လယ်ယာမြေပုံစံ (၇)မူရင်း(၁)စောင်။

အထက်ဖော်ပြပါ မူရင်းစာရွက်စာတမ်းများကို တွေ့ရှိထားသူများက ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ဦးမိုးဇော်စိုးထံသို့ဖြစ်စေ လာရောက်ပေးအပ်ပါက ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။ ဤကြေညာသည့်နေ့မှ(၇)ရက်အထိ စောင့်ဆိုင်းမည်ဖြစ်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက စာရွက်စာတမ်းများကို ဥပဒေနှင့်အညီသက်ဆိုင်ရာ၌ လျှောက်ထားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးမောင်ကြီး** | **ဒေါ်ခင်သူဇာဝင်း** | **ဦးထက်ဝဏ္ဏအောင်** |
| **(စဉ်-၁၇၇၇)** | **(စဉ်-၅၂၅၈၀)** | **(စဉ်-၅၆၉၂၆)** |

**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁၈-၃၇၇၄၀၆**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီး သန်းဝင်း (ငြိမ်း)
**တ၀၈(၆)**

ဒေါ်ဖြူဖြူညွန့်၏ခင်ပွန်း၊ ဗိုလ်ကြီးရဲရင့်ဖြိုး၊ ဒေါက်တာထွန်းဇေယျာ-ဒေါက်တာအေးမြသကြ်န်တို့၏ဖခင် ဗိုလ်မှူးကြီးသန်းဝင်း ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်**
**ဇနီး ဒေါ်စိုးယဉ်မြင့်**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးအေးသန်း (ဒေးဒရဲ)
## အသက်(၈၄)နှစ်

ဦးကိုကိုအေးမင်း-ပါမောက္ခဒေါက်တာလှဝင်းမြင့် (ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်-တောင်ကြီး)တို့၏ မိခင်ကြီး ဒေါ်အေးအေးသန်းသည် ၈-၆-၂၀၂၅ (တနင်္ဂနွေနေ့)၊ ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ဗိုလ်ကြီးရဲထင်ကျော် (ငြိမ်း)
**OTS – 97**
**လက်ထောက်အထွေထွေမန်နေဂျာ၊ မြို့နယ်လျှပ်စစ်ရုံး၊ ခရမ်းမြို့**
## အသက်(၅၂)နှစ်

ကျောက်ပန်းတောင်းမြို့၊ လွတ်လပ်ရေးရပ်ကွက်နေ ဦးကျော်ဝင်း-(ဒေါ်စန်းနွဲ့ )တို့၏သား၊ နေပြည်တော်နေ ဒေါ်သော်တာမြင့် [ဒု-ကြီးမှူး (ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်]၏ ခင်ပွန်း၊ မတင့်နဒီ (Associate Cyber Security Engineer, Kerrellix company)၊ မောင်တည်မြဲနိုင် (G-12, Wisdom Hill)တို့၏ ဖခင် ဦးရဲထင်ကျော်သည် ၁၀-၆-၂၀၂၅ (အင်္ဂါနေ့)တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၂-၆-၂၀၂၅ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ခုတင်-၁၀၀၀ ဆေးရုံ နေပြည်တော်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၂၅(စနေနေ့) နံနက်တွင် အမှတ် ဒ-၃၂၀၆၈၊ မိုးဝေ(၂၃)လမ်းနှင့် အာသာဝတီ(၆) လမ်းထောင့်၊ ဒက္ခိဏသီရိ နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)ရွှေပေါက်ကံ၊ လူနေရပ်ကွက်အမှတ်-၁၅၊ နဝရတ်လမ်း၊ အမှတ်(၇၄၅) ဟုခေါ်တွင်သော မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ခေါင်းရင်းဘက်ထောင့်ခြမ်း)၊ အကျယ်အဝန်း (အလျား ၁၀ပေx အနံ ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ(၂)ထပ်အဆောင်အဆောက်အအုံ၊ ရေ၊ မီးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အားတရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်စန်းစန်းမာ[၁၂/မရက(နိုင်)၀၃၄၀၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးစိန်အောင်ဝင်း [၈/ရနခ(နိုင်)၀၄၃၈၉၄]နှင့် ဒေါ်မွန်မွန်အောင် [၈/ရနခ(နိုင်)၁၀၁၃၂၀]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် (၂)ထပ်အဆောင်အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစည်သူဝင်း ( L L.B ) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၃၄)**
**အမှတ်(၆၄၀/ခ)၊ သရက်တောလမ်း၊ (၁၀၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၅၀၉၀၉၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဒဂုံဂေါက်ကွင်းပေါ်တွင်တည်ဆောက်ထားသော Dagon Golf City Project အတွင်းဖော်ဆောင်ထားသော (၁၇.၇)ကေမြေကွက်ပေါ်ရှိ အကွက်အမှတ်(G-1)စတုရန်းပေ (၆၀၀၀)ရှိ မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြေပိုင်ဆိုင်ခွင့်လွှဲပြောင်းခြင်းသဘောတူစာချုပ်အရ ပိုင်ဆိုင်ကြောင်း စီမံခန့်ခွဲလွှဲပြောင်းပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဟွန်ကျားချန်[၁၃/လကန(နိုင်)၀၁၆၄၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက မြေပိုင်ဆိုင်ခွင့်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B , M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၁၆၃၄၀၅**

## ဦးကျော်ကွန့်
**73-B.Ag စိုက်ပျိုးရေးတာဝန်ခံ (ငြိမ်း)**
**သမဝါယမလယ်ယာဖွံ့ဖြိုးရေးစခန်း (ဖောင်ကြီး)**
## အသက်(၈၀)နှစ်

ပြင်ဦးလွင်မြို့၊ ဉာဏ်တောရပ်နေ (ဦးချစ်စရာ-ဒေါ်စောရှင်)တို့၏သား၊ အင်းစိန်၊ အနောက်ကြို့ကုန်းနေ (ဦးတင်အောင်ဟိန်း-ဒေါ်နှင်းကြည်)တို့၏ သားသမက်၊ ပြင်ဦးလွင်မြို့နေ (ဦးအောင်ကျော်-ဒေါ်ရွှေ)၊ (ဦးဝင်းလှ)- ဒေါ်ငွေ၊ (ဦးလှမောင်- ဒေါ်မြစန်း)၊ (ဦးကျော်ညွန့်-ဒေါ်ဝင်းမေ)တို့၏ ညီ/မောင်၊ (ဦးအုန်း) - ဒေါ်မိုးမိုးနွယ်၊(ဒေါ်အမာကြူ)တို့၏ အစ်ကို၊ ဒေါက်တာမျိုးသန့်-ဒေါ်သက်နှင်းဦး ၊ မစုမာအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မအိမ့်မျက်ချယ်၏ ချစ်လှစွာသောအဘိုး၊ ဒေါ်မိမိတင်(ခ) ဒေါ်သီသီမေ ၏ခင်ပွန်း ဦးကျော်ကွန့် အသက်(၈၀)နှစ်သည် ၂၇-၅-၂၀၂၅ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘုရားကုန်းကျေးရွာနေအိမ်၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပြီဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်ဇင်မြင့်(ခ)ဂျေဂျေ
## အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀/ရပ်ကွက်၊ ဗလ္လိက(၁၃)လမ်း၊ အမှတ် (၂၉၂/က) နေ (ဦးသန်းငွေ-ဒေါ်တင်တင်မြင့်)တို့၏ သား၊ မသက်သက်ဦး၊ ကိုစိုင်းထွန်းထွန်း- မမျိုးတင်သန်းတို့၏မောင်၊ မလင်းလင်း၊ မစုတင်သန်း တို့၏ အစ်ကို၊ မောင်ပြည့်စုံ၏ ဦးလေးသည် ၉-၆-၂၀၂၅(တနင်္လာနေ့) မွန်းလွဲ ၁:၃၅ နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားပါ၍ ကြွင်းကျန်သော ရုပ်ကလာပ်ကို ၁၁-၆-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ကောင်းမွန်စွာ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၇:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၂၅ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၇-ခ)၊ ရွှေရင်ရဲဘုရားမြောက်ဘက်၊ စစ်ကိုင်း-မန္တလေးကားလမ်းအနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မိမိလှိုင်[၉/မရတ(နိုင်)၀၄၂၇၁၃]က အမှုတွဲအမှတ်(၀၃၂၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ မြေကွက်အမှတ်(၂၈၅/က)၊ ဧရိယာ(၀.၀၂၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၈၅/က)၊ တကောင်းပန်းခြံ၊ (၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဒေါ်ခင်မြင့်(SRM-၀၃၃၄၇၆) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား ရွှေပြည်သာမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ်-၆၅/၂၀၂၄ (၁၉-၁၂-၂၀၂၄)ဖြင့် ဒေါ်ခင်မြင့်အား တရားပြိုင်ပြု၍ တရားလို ဦးအောင်မင်းကိုကိုမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကြီး ချုပ်ပေးစေလိုမှု စွဲဆိုခဲ့ရာ ဦးအောင်မင်းကိုကိုမှရရှိခဲ့သည့် (၁၉-၁၂-၂၀၂၄)ရက်စွဲပါ တရားရုံးစီရင်ချက်အနိုင်ဒီကရီနှင့် တရားရှုံးကိုယ်စား လိုက်ပါဆောင်ရွက်ရန်အတွက် ဘီလစ်ဒေါ်ငုဝါအား ခန့်အပ်သည့်(၄-၃-၂၀၂၄) ရက်စွဲပါ တရားမဇာရီမှုအမှတ်(၁၄/၂၀၂၄)၏ ထုံးပုံကျအပြီးသတ်အမိန့်၊ ရွှေပြည်သာမြို့နယ်တရားရုံး၏ (၁၈-၉-၂၀၂၅)၏ ထုံးပုံကျအပြီးသတ်အမိန့်၊ ရွှေပြည်သာမြို့နယ်တရားရုံး၏(၇-၃-၂၀၂၅)ရက်စွဲပါ ဘီလစ်ခန့်အပ်စာ၊ နှစ်(၆၀)ဂရန်မူရင်း၊ တရားရုံးသို့တင်ပြခဲ့သည့် အရပ်ကတိ အရောင်းအဝယ်စာချုပ်တို့ တင်ပြ၍ ဘီလစ်ဒေါ်ငုဝါမှ တရားရုံးဒီကရီ အထောက်အထားများ၊ တရားရုံးမှ တာဝန်ပေးအပ်ခြင်းစာ၊ နေ့စဉ်မှတ်တမ်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဏ/၄၀)၊ လူနေရပ်ကွက်အမှတ်(၁၄)၊ ဝေသန္တရာလမ်း၊ မြေကွက်အမှတ်(၃၈၉-က)၊ ဦးကျော်စိုးအမည်ပေါက် မြေချပါမစ် ထွက်ရှိထားသော အကျယ်ပေ(၂၀x၆၀)(၁၂၀၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိရေ/မီးစုံပါလူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်အဆက်ဆက် ဖြင့်ဝယ်ယူ၍လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ ဒေါ်စန္ဒာ[၁၂/ရပသ(နိုင်)၀၆၃၃၃၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးခင်မောင်ညွန့်[၈/ရစက(နိုင်)၀၅၃၉၆၅]မှအပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုး ငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအားပေး ချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေ အရောင်းအဝယ်နှင့် ပတ်သက်၍ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် အတူကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၄)**
**အမှတ်(၉၃)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၃၆၄၄၅၁၇**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်အေး(ခ)(Agnes Shin)
## အသက်(၈၈)နှစ်

ဦးမျိုးမင်းထွေး (Managing Director) (Win Consulting Ltd.)-ဒေါ်ယမင်းသန်း (Director) (Win Thin & Associates Ltd.) ၏ မိခင်ဖြစ်သူ ဒေါ်တင်အေး (Agnes Shin) အသက် (၈၈)နှစ်သည် ၉-၆-၂၀၂၅ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာအဖွဲ့ဝင်များနှင့်**
**ဝန်ထမ်းမိသားစုများ**
**Win Thin & Associates Ltd.**
**Win Consulting Ltd.**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးအေးသန်း(ဒေးဒရဲ)
## အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ တိုက်(၂၀၃)၊ အခန်း(၁၅)နေ ဦးကိုကိုအေးမင်း-ပါမောက္ခဒေါက်တာလှဝင်းမြင့် (ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်၊တောင်ကြီး)၏ မွေးမိခင် ဒေါ်အေးအေးသန်း အသက် (၈၄)နှစ်သည် ၈-၆-၂၀၂၅ (တနင်္ဂနွေနေ့) ည ၇:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

## ဒေါ်သန်းတင်
**အ.ထ.ပြ(ငြိမ်း)**
## အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဗလ္လိက(၁၃)လမ်း၊ အမှတ်(၂၈၃)၊ (၅)လွှာနေ (ဦးလှကျော်-ဒေါ်မမြဦး)တို့၏သမီး၊ (ဦးကိုကြီး-ဒေါ်သိန်းအေး)တို့၏ သမီးချွေးမ၊ ဦးသိန်းဝင်း၏ ဇနီး၊ (ဒေါ်ဦးခင်သိန်း)-ဦးဖြူထွန်းစိန်၊ (ဦးသံဒိုင်-ဒေါ်မသာနု)တို့၏ ညီမ၊ (ဦးကျော်ခင်)-ဒေါ်သန်းသန်းနွဲ့၊ ဒေါ်သိန်းဟန်-(ဦးထွန်းဝင်း)၊ ပါမောက္ခ Dr.ဦးတင့်ဆွေလတ်-ဒေါ်နွဲ့တင်၊ (ဦးထွန်းတင်)၊ ဦးဝင်းညွန့်-ဒေါ်သိန်းညွန့်(ခ)Tracy Kyawတို့၏ အစ်မ၊ (ဦးထိန်အောင်ဝင်း)-ဒေါ်တင်တင်မြင့်၊ ဒေါက်တာစိုးမိုးဝင်း- ဒေါက်တာဖြူဖြူဝင်း၊ မောင်နေခန့်ကျော်တို့၏ မွေးသမိခင်၊ တူ/တူမ ၁၂ ယောက်တို့၏ အဒေါ်၊ မြေး သုံးယောက်တို့၏ အဘောင်ရှင်သည် ၁၀-၆-၂၀၂၅(အင်္ဂါနေ့)မွန်းလွဲ ၂:၅၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပါသဖြင့် ၁၂-၆-၂၀၂၅(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် အ-၁၃၊ ဦးပိုင်အမှတ်(၁၆)၊ ၁၀၉လမ်းနှင့် ၆၃လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးနေမျိုးကျော်(ခ) သိန်းဝင်း၊ ဒေါ်စိမ်းစိမ်းမွန်တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၄၃/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ Smile Path Company Limited ၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ) ဒေါ်စိမ်းစိမ်းမွန်[၅/ခတန(နိုင်)၀၀၀၉၁၈]က အမှုတွဲအမှတ်(၀၃၂၉/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(မ-၉)၊ ဦးပိုင်အမှတ်(၃၁)၊ ၁၀၂ နှင့် ၆၃(A) လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကြည်သာမြင့် [၁/မကန (နိုင်) ၀၀၅၃၁၀]က အမှုတွဲအမှတ် (၀၃၀၆/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**မူးယစ်**
**ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ်(၁၅၅၇)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးစိန်ချိန်[၁၂/စခန(နိုင်)၀၄၈၂၇၂]အမည်ပေါက် နှစ်(၆၀)ဂရန် မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဝင်းသစ်နွယ်[၁၄/မမန(နိုင်)၁၅၄၆၀၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, D.I.L, WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ ကုန်းဘောင်လမ်း၊ မြေကွက်အမှတ်(၃၀)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဒေါ်တင်အေး[၁၂/ဥကမ(နိုင်)၀၆၆၂၉၅]အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိ ကြောင်းအဆိုပြုသူ ဒေါ်သန္တာအောင်[၉/မနမ(နိုင်)၀၃၀၆၁၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, D.I.L, WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံသည့် စက်မှုထုတ်ကုန်လုပ်ငန်းများ ( Agro Base Industry) ကို ဖော်ဆောင်သွားရမည်ဖြစ်ပြီး တန်ဖိုးမြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ထုတ်လုပ်နိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)



အက်စ်တိုးနီးယားအသင်းနှင့် နော်ဝေအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## နော်ဝေအသင်း ၁၉၉၈ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလားဝင်ခွင့် ပထမဆုံးအကြိမ်ရရှိရန် နီးစပ်လာ

နော်ဝေအသင်းဟာ ဇွန် ၉ ရက်ညပိုင်းက အက်စ်တိုးနီးယားအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ၂၀၂၆ ကမ္ဘာ့ဖလားဝင်ခွင့် ဥရောပဇုန်ခြေစစ်ပွဲစဉ်မှာ အက်စ်တိုးနီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီးနောက် ၁၉၉၈ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလားဝင်ခွင့် ပထမဆုံးအကြိမ်ရရှိရန် နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

## ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ မြန်မာ့လက်ရွေးစင်အသင်း နှစ်ပွဲဆက်အနိုင်ရ

ရန်ကုန် ဇွန် ၁၀

၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စု(E) ဒုတိယပွဲအဖြစ် မြန်မာအသင်းနှင့် ပါကစ္စတန်အသင်းသည် ဇွန် ၁၀ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာ့လက်ရွေးစင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် နှစ်ပွဲဆက်တိုက်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်ပိုရှိလာသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာဖဂန်နစ္စတန်အသင်းနှင့် ပါကစ္စတန်အသင်းတို့ကို အိမ်ကွင်း၌ နှစ်ပွဲဆက်တိုက်အနိုင်ယူခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❍



မြန်မာအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သန်းပိုင် သွင်းယူနေစဉ်။

## မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၀-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၁-၆-၂၀၂၅ ရက်နေ့မှ ၁၂-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




နေပြည်တော် ဇွန် ၁၀

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖


**ယနေ့ ဖတ်စရာ**

ဂျပန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း၊ မြေပြိုမှုဆိုင်ရာ သတိပေးချက်ထုတ်ပြန် စာမျက်နှာ ၁၃

မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် တောင်ကိုရီးယားနိုင်ငံသားသုံးဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ် စာမျက်နှာ ၁၄

တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ စာမျက်နှာ ၁၅